ခင် စာပေ

သက်ဦးလွင်

# ကလေးစုံထောက် ခုနစ်ယောက်

နှင့်

# ချောပို့အဓိကတ်ဓားပြမှု



ကလေးစုံထောက်

# ခုနစ်ယောက်



# THE SECRET SEVEN

WIN THROUGH

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော် တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်


- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်ရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




ကလေးစုံထောက် ခုနစ်ယောက်

စာမူခွင့်ပြုချက်အမှတ် ▸ ၅၀၁၂၂၄၁၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▸ ၅၀၁၂၆၄၁၀၀၇

◆

ပုံနှိပ်ခြင်း
ပထမအကြိမ် ▸ (၂၀၀၈၊ မေလ)
အုပ်ရေ ▸ (၅၀၀)

◆

မျက်နှာဖုံး ▸ ဇေယျာ
ကွန်ပျူတာစာစီ ▸ ***Quality***
အတွင်းဖလင် ▸ ***Quality***

◆

ပုံနှိပ်သူ
နော်ဆဲဲနေမူ(ချာလီပုံနှိပ်တိုက်)၊ (၀၈၂၇၇)၊
အမှတ် ၁၂၁၊ အလုံလမ်း၊ အလုံမြို့နယ်။

◆

ထုတ်ဝေသူ
မခင်မာရွှေ၊ (၀၃၉၀၅) (မြဲ)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

◆

တန်ဖိုး ▸ ၇၀၀ - ကျပ်

# ကလေးစုံထောက် ၇ ယောက်
# နှင့်
# ချောပို့အိတ်စားပြမှု

မာတိကာ


| | | |
|---|---|---|
| ၁ | သည်းခံရအခက်ဆုံး ကောင်မလေး | ၁ |
| ၂ | အီစတာကြက်ဥ | ၅ |
| ၃ | လှို့ဝှက်ဂူ | ၉ |
| ၄ | စုစီ၏ ငြိမ်းခြောက်သံ | ၁၃ |
| ၅ | သိပ်ကောင်းသည့် နေရာကလေး | ၁၇ |
| ၆ | ရှစ်ယောက်မြောက် လူ | ၂၃ |
| ၇ | စုစီတို့အတွက် ထောက်ချောက် | ၂၉ |
| ၈ | အဲလ်ဘတ်တန်နာ | ၃၅ |
| ၉ | နေရာ | ၃၉ |
| ၁၀ | စာခြောက်ရုပ်ဆိုတာ ဘာလဲ | ၄၅ |
| ၁၁ | စာခြောက်ရုပ် ထမင်းဆိုင် | ၅၁ |
| ၁၂ | လက်ဦးမှုရအောင် | ၅၅ |
| ၁၃ | ထွက်ပြေးသွားသော လူတစ်ယောက် | ၆၁ |
| ၁၄ | နိုးရာပါ ချောပို့အိတ် | ၆၅ |
| ၁၅ | စွန့်စားခန်းပြီးဆုံးခြင်း | ၇၁ |

(၁)

## သည်းခံရအခက်ဆုံး ကောင်မလေး



*"ဂျူနက်၊ နင့်ရင်ထိုးတံဆိပ် ဘယ်မှာလဲ။ ပျောက်သွားပြီ မဟုတ်လား"*

ပီတာ မေးလိုက်သည်။

"မပျောက်ဘူး။ ရှိတယ်ဟဲ့။ ဒါပေမဲ့ ကျန်တဲ့သူတွေထဲမှာတော့ ပျောက်သွားတဲ့သူတွေ ရှိနိုင်တယ်။ အစည်းအဝေးမထိုင်တာ ကြာပြီ ဆိုတော့ ပျောက်တာပေါ့ဟာ"

"ကျန်တဲ့သူ ၅ ယောက်ဆီ စာတိုလေးတွေ ရေးလိုက်စမ်းပါ။ နက်ဖြန် ဆုံကြရအောင်လို့။ နင့်မှာ စက္ကူရှိတယ်မဟုတ်လား ဂျူနက်"

"ရှိတယ်။ ဒါပေမဲ့ ကျောင်းပိတ်ပိတ်ချင်းနေ့မှာ ထိုင်ပြီး စာမရေးချင်ဘူးဟာ။ နင်ရေးလိုက်ပါ ပီတာ"

"မရေးဘူးဟာ။ ငါက စာတွေလိုက်ပို့ပေးမယ်"

"အဲဒါတော့ ဆိုးတာပေါ့။ သူတို့အိမ်တွေကို နင်ရောက်မှတော့ အစည်းအဝေးရှိတယ်လို့ တစ်လက်စတည်း ပြောခဲ့လိုက်ပါတော့လား"

"ကောင်းပြီလေ။ စာနဲ့ပေနဲ့ဆိုတော့ ပိုပြီးလေးနက်တာပေါ့။ ဒါပါပဲ။ တို့ အစည်းအဝေး ဘယ်နှစ်နာရီ စလုပ်ကြမလဲ"

## ခင် စာပေ

"၁၀ နာရီခွဲပေါ့။ ဂျက်ကိုလည်း သတိပေးဦး။ တို့ အစည်း
အဝေး ထိုင်မယ့်အကြောင်းကို စူစီ မသိစေနဲ့လို့"

"အေး... ငါ သူ့ကို ပြောပါ့မယ်။ စူစီက သိမ့်ပါးတယ်ကွ။
ကလေးစုံထောက် ၇ ယောက်အဖွဲ့နဲ့ ပတ်သက်လာရင် သူဟာ အမြဲတမ်း
အနံ့ခံကောင်းတယ်"

"စူစီဟာ အဖွဲ့အပြင်မှာရှိနေတာထက် အဖွဲ့ထဲမှာရှိနေတာ
ပိုကောင်းမှာပဲ။ ဒါပေမဲ့ ငါတို့အဖွဲ့ထဲတော့ အဝင်ခံလို့ မဖြစ်ဘူး"

"မလုပ်နဲ့၊ မလုပ်နဲ့။ ပြီးတော့ တို့အဖွဲ့ထဲမှာ ၇ ယောက်ထက်
ပိုလို့ မဖြစ်ဘူး"

"ဝုတ်..." စကင်ပါ ပြည်သံပေးလိုက်သည်။

"စကင်ပါက ပြောနေတယ်။ အဖွဲ့ထဲမှာ သူလည်းပါတယ်တဲ့"
ဟု ဂျနက်က ပြော၏။ "နင်က ကပ်ပြောင်ပါ စကင်ပါ။ ဒါပေမဲ့
နင်မရှိဘဲ တို့တွေ ဘာမှလုပ်လို့မရပါဘူး"

"ကိုင်း... ငါ စက်ဘီးသွားယူလိုက်ဦးမယ်။ စက်ဘီးနဲ့လှည့်ပြီး
ကျန်တဲ့အဖွဲ့ဝင်တွေဆီ လိုက်ပြောမယ်။ အပြန်ကျမှတွေ့မယ် ဂျနက်။
လာဟေ့ စကင်ပါ၊ သွားကြရအောင်"

ပီတာသည် အဖွဲ့ဝင်များ၏အိမ်များဆီသို့ စက်ဘီးစီး၍ ထွက်ခွာ
သွား၏။

ကိုလင့်အိမ်ကို အရင်ဆုံးဝင်သည်။ အစည်းအဝေးလုပ်မည်
ကြား သဖြင့် ကိုလင် ဝမ်းမြောက်ဝမ်းသာဖြစ်နေ၏။

"ကောင်းတယ်ကွာ။ ၁၀ နာရီခွဲ ဟုတ်လား။ ငါလာခဲ့မယ်။
ဒီမှာ စကားဝှက်က ဘယ်လိုလဲကွ"

---

ခင် တာပေ

"မင်း တစ်နေ့လုံး စဉ်းစားကြည့်ပေါ့ကွ"

ပီတာ ပြုံး၍ ဂျက်၏ အိမ်သို့ ထွက်သွား၏။

ဂျက်သည် ဥယျာဉ်ထဲတွင် သူ၏စက်ဘီး နောက်ဘီးပေါက်နေသည်ကို ဖာနေ၏။

ပီတာကိုတွေ့တော့ သူ အလွန်ဝမ်းသာသွားသည်။

"နက်ဖြန်မနက် အစည်းအဝေးရှိတယ်ကွ။ ရင်ထိုးတံဆိပ် ယပ်လာခဲ့ဖို့ မမေ့နဲ့"

"အေးပါကွာ၊ ရင်ထိုးတံဆိပ်ကို ညအိပ်ဝတ်စုံမှာ ငါ ချိတ်နဲ့ ချိတ်ထားပါတယ်။ ဒါထက် ပီတာ စကားဝှက်က ဘာလဲကွ"

"သိတယ်" အနီးရှိသစ်ပင်ပေါ်က အသံပေါ်လာ၏။ ပီတာနှင့် ဂျက် သစ်ပင်ပေါ်သို့ မော့ကြည့်လိုက်ရာ သူတို့အား ငုံ့ကြည့်နေသော စူစီအား တွေ့ရသည်။

"နင် မသိပါဘူး" ဂျက် ခက်ထန်စွာ ပြောလိုက်၏။

"သိတယ်... သိတယ်။ ဒါပေမဲ့ ငါ မပြောဘူး။ နင့်ကို အစည်းအဝေးခန်းထဲ မဝင်ရအောင်လုပ်မယ်"

ကျန်သည့် အဖွဲ့ဝင်များဆီသို့ ထွက်ခွာသွားသည်။

စူစီဟာ ကမ္ဘာပေါ်မှာ သည်းခံရအခက်ဆုံး ကောင်မလေး ပါလား။

၃

( ၂ )

# အီစတာကြက်ဥ



*"ဂျုနက်ရေ၊ လာပေ့။ ၁၀ နာရီခွဲတော့မယ်ဟ"*
*ဟု ပီတာ ပြောလိုက်သည်။*

"ပီတာ စကားတွက်ပြောပြစမ်းပါ။ ငါ မေ့နေလို့ပါဟာ"

"ဟင့်အင်း မပြောဘူး။ တခြားလူတွေ စကားတွက်ပြောတာကို နင် စောင့်နားထောင်ရရင် ရှက်စရာကြီးနော်။ ကိုင်း . . . လာပေ့၊ ဂျုနက်၊ ငါ မစောင့်ဘူးနော်"

ပီတာက ရှေ့မှသွား၍ ဂျုနက်က နောက်မှ လိုက်ထွက်သွားသည်။ အစည်းအဝေးလုပ်သည့် တဲကြီးဆီသို့ ဦးတည်သွားကြ၏။ ထိုသို့သွားရင်း ပီတာ၏ အထိတ်တလန့်အော်သံကို ဂျုနက် ကြားလိုက်ရသည်။

"ဘာဖြစ်လို့ပါလိမ့်"

ဂျုနက်သည် ခပ်သုတ်သုတ် ခြေလှမ်းသွားလိုက်၏။

တဲကြီးကို မြင်လိုက်ချိန်တွင် အထိတ်တလန့် ဖြစ်သွားသည်။

တဲကြီးတွင် တံခါးနှင့်ပြတင်းပေါက်များအားလုံး ပွင့်နေ၏။ တဲကြီးအတွင်းရှိ ပစ္စည်းပစ္စယအားလုံး အပြင်သို့ ရောက်နေသည်။

---

ခင် စာပေ

"ဂျနက်၊ ဒါ စူစီလုပ်တာ မဖြစ်နိုင်ဘူးကွ"

"ဖြစ်နိုင်တယ်။ ငါတို့ အစည်းအဝေးလုပ်တဲ့ နေရာလေးတော့ သွားပါပြီဟာ" ဟု ဂျနက် ငိုမဲ့မဲ့ပြောလေ၏။

ထိုစဉ် ပန်မလာနှင့် ဘာဘာရာတို့ ရောက်လာကြသည်။ ဖရိုဖရဲဖြစ်နေပုံကိုကြည့်၍ သူတို့ အံ့သြသွားကြသည်။ ထို့နောက် ဂျက်၊ ကိုလင်နှင့် ဂျော့တို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြပြီး တဲကြီး၏ အပြင်ဘက်တွင် စုပုံထားသည့် ပစ္စည်းပစ္စယများကိုကြည့်၍ မချိတင်ကဲ ဖြစ်သွားကြလေသည်။

ထို့နောက် ပစ္စည်းများအား အတွင်းသို့ နေသားတကျ ပြန်သွင်းနေကြစဉ် ခြေသံကြားရသည်။ "ဘယ်သူပါလိမ့်" ပီတာ လှမ်းကြည့်လိုက်၏။

လျှောက်လှမ်းလာသူမှာ ဥယျာဉ်မှူးဖြစ်သည်။ ပီတာက သူ့အား အကျိုးအကြောင်းကို မေးကြည့်ရာ တဲကြီးအား ပြန်လည်ပြင်ဆင်ပြီး ဆေးသုတ်ရန် ပီတာ့ဖေဖေက အမိန့်ပေးထားသောကြောင့် ဖြစ်ကြောင်း ပြော၏။ ထိုကိစ္စကို ပီတာ့မေမေအား ပီတာနှင့်ဂျနက်တို့က ပြောပြရာ ပြင်ဆင်မှုပြီးလျှင် တဲကြီးအား ပြန်လည်အသုံးပြုနိုင်ကြောင်း၊ ယခု လောလောဆယ် နွေရာသီအိမ်တွင် အစည်းအဝေးလုပ်ကြရန် မေမေက ပြောလိုက်၏။

သို့ဖြင့် ကလေးစုံထောက်အဖွဲ့ဝင်များသည် နွေအိမ်သို့ သွားရောက်ကြပြီး ပါလာသော စားစရာ၊ သောက်စရာများကို စားကြ၊ သောက်ကြလေသည်။

ပီတာ– "တို့ အစည်းအဝေးထိုင်ဖို့ နေရာကောင်းကောင်း

တစ်ခုကို လိုက်ရှာကြရအောင်ကွာ။ စူစီ မမြင်မတွေ့နိုင်တဲ့နေရာမျိုးပေါ့။ သိပ်ဝေးတဲ့ နေရာမျိုးလည်း မဖြစ်စေရဘူး။ တို့ ဒီနေ့ရာသီအိမ်မှာ ဒီညနေ ၆ နာရီမှာ ပြန်ဆုံကြမယ်''

ဂျက်– ''တို့ စကားဝှက်အသစ် မရွေးချယ်ကြတော့ဘူးလား။ အခု နောက်ဆုံးစကားဝှက်ကို စူစီ သိသွားတယ်ကွ။ သူ ဘယ်လိုသိသလဲ မပြောတတ်ပါဘူးကွာ''

ပီတာ– ''အေး... စကားဝှက်အသစ် ရွေးကြမယ်။ ရွေးဖို့လည်း အချိန်ကျပြီ။ ငါပြောမယ် ဂျက်၊ မင်းညီမလေး စူစီဟာ ပိုပိုဆိုးလာတယ်။ သူ အခု ဘယ်ရောက်နေလဲ''

ဂျက် အပြင်သို့ ထွက်ကြည့်သည်။

''အနီးအနားမှာတော့ တစ်ယောက်မှ မရှိဘူးကွ။ မြန်မြန်လုပ်ပေါ့၊ စကားဝှက်အသစ်ကို ပြောတော့ပေါ့''

ပီတာ– ''အီစတာကြက်ဥ၊ ဒါဟာ မှတ်ရသိပ်လွယ်တယ်။ အခု အီစတာကျောင်းပိတ်ရက် မဟုတ်လား''

အီစတာကြက်ဥဆိုသော စကားလုံးကို အားလုံးက အသံအုပ်အုပ်ဖြင့် ရွတ်ဆိုလိုက်ကြသည်။

''အီစတာကြက်ဥ... အီစတာကြက်ဥ... အီစတာကြက်ဥ၊ အီစတာကြက်ဥ''

၀

## (၃)

## လျှို့ဝှက်ဂူ



*ထိုနေ့ ညနေ ၆ နာရီတွင် ဓမ္မာသီဟိမ်သို့ လာရာ လမ်းပေါ်တွင် ခြေသံများ ဆက်တိုက်ကြားရပြီး အဖွဲ့ဝင်များ ရောက်လာကြ၏။*

"အစည်းအဝေးထိုင်ဖို့ နေရာသစ်အတွက် မင်းတို့ စဉ်းစားထားတာကို ပြောပြကွာ"

ပီတာ ပြောလိုက်၏။

"တို့ဥယျာဉ်အစပ်မှာ ရောမသစ်အယ်သီးပင်ကြီးတစ်ပင် ရှိတယ်။ အဲဒါ"

ကိုလင်ပြောသည်ကို ပီတာ စကားဖြတ်ကာ...

"ဟာ ... အဲဒါ မကောင်းဘူးကွ။ တို့ အဲဒီကိုသွားတာ လူတွေတွေ့မှာပေါ့။ ပြီးတော့ တို့ ပြောနေတဲ့ စကားသံတွေကိုလည်း ဖြတ်သွားတဲ့လူတွေ ကြားသွားမှာပေါ့။ ဘာဘာရာ၊ နင်ကော ဘယ်လို သဘောရလဲ"

"မကြိုက်ဘူးဟယ်။ ငါတို့အိမ်နားက ကွင်းထဲမှာ တဲတစ်လုံး ရှိတယ်"

"အေး.. အဲဒါ ငါသိတယ်။ မဆိုးဘူး။ ပန်ကကော"

---

ခင် စာပေ

"ငါ့မှာတော့ စဉ်းစားမိထားတာ မရှိဘူး ပီတာ"

ဂျော့– "ဒီနဲ့ သိပ်မဝေးတဲ့ ကွင်းထဲမှာ ပေါင်းမိုးတပ်ရထားလုံး တစ်စီးရှိတယ်ကွ။ ပိုင်ရှင်ကို ငါသိတယ်။ ငါ့ဖေဖေရဲ့ မိတ်ဆွေပဲ။ သူ့ကို ပြောပြီး သုံးလို့ရနိုင်လောက်တယ်"

"ဂျက်၊ မင်းကကော ဘာပြောဦးမလဲ။ မင်းတို့အိမ်နဲ့ နီးတဲ့နေရာ ကိုတော့ အကြံမပေးနဲ့နော်။ တော်ကြာ စူစီစက်ကွင်းနဲ့ မလွတ်ဘဲ နေဦးမယ်"

"ငါ ဒီလောက်တုံးပါ့မလားကွ။ ငါ မျက်စိကျထားတဲ့ နေရာက မြစ်နားမှာ။ အသုံးမပြုတော့တဲ့ လှေရုံဟောင်းကွ"

"ကိုင်း.. ခုဆို တို့ တော်တော်လေး သိထားပြီ။ ငါလည်း တစ်နေရာ တွေ့ထားတယ်ကွ။ အဲဒီနေရာကတော့ တို့ အာလူးစိုက်ခင်း နားမှာရှိတဲ့ ကျောက်မိုင်းထဲက ဂူပဲ။ သိပ်လဲ မဝေးဘူး။ လျှို့လည်း လျှို့ဝှက်တဲ့ နေရာကွာ" ဟု ပီတာ ပြောသည်။

"အေး.. အဲဒီနေရာကောင်းတယ်ဟ။ လျှို့ဝှက်တဲ့ဂူဆိုတော့" ဟု ပန်က ဆိုချေ၏။

သို့ဖြင့် အစည်းအဝေးပြုလုပ်ရန် နေရာကို မဲခွဲဆုံးဖြတ်ကြရာ ပီတာပြောသည့်ဂူက မဲမဲဖြင့် ရွေးချယ်ခံရလေသည်။

"တို့ အခု အဲဒီကို သွားကြည့်ရအောင်ကွာ" ဟု ဂျက်က ပြော၏။

"ကောင်းတယ်။ ဒါဖြင့် တို့သွားကြမယ်။ အဲဒီမှာကြည့်ရှုပြီးရင် နက်ဖြန်သွားတဲ့အခါ ယူသွားဖို့တွေ စီစဉ်နိုင်တာပေါ့"

တောက်ပသောနေရောင်အောက်သို့ အဖွဲ့ဝင်များ ထွက်သွားကြ

သည်။ ပီတာက ဦးဆောင်သွား၏။ စကင်ပါက ရှေ့မှ ပြေး၍သွား၏။

ဂူသို့ ကလေးစုံထောက်အဖွဲ့ဝင်များ ရောက်သွားသောအခါ စကင်ပါသည် ဂူအပြင်ဘက်တွင် အမြီးတယမ်းယမ်းဖြင့် ရပ်စောင့်နေလေသည်။

ထို့နောက် ဂူထဲသို့ စကင်ပါ ပြေးဝင်သွားသည်။

"စကင်ပါ၊ ဂူထဲကို ဝင်သွားပြီကွ"

ဟု ပီတာ ပြုံး၍ပြော၏။ "ဟော... ဟိုမှာ ဂူပေါက်ကို တွေ့လား။ ဂူပေါက်ဝမှာ သစ်ပင်တွေနဲ့ ဖုံးနေတယ်။ လာ... တို့ ဝင်ကြည့်ကြမယ်။ တကယ် စိတ်လှုပ်ရှားစရာပဲကွ"

## ( ၄ )

## ရှုစီ၏ ငြိမ်းခြောက်သံ



*ဂူပေါက်သို့သွားသည့်လမ်းဟူ၍ မည်မည်ရရမရှိပါ။* ချုံနွယ်ပိတ်ပေါင်းများကို ဖယ်ရှား၍သွားကြရသည်။ ဂူပေါက်ဝတွင် ချုံများပိတ်ဆို့လုနီးနီးရှိ၏။

"ဒီဂူပေါက်ကို ဂျနက်နဲ့ငါ အရင်က သတိမထားမိဘူးကွ" ဟု ပီတာ ပြောသည်။ "တစ်နေ့ စကင်ပါ ပျောက်သွားလို့ လိုက်ရှာရင်း ဒီဂူပေါက်ကိုတွေ့တာ"

ဂျက်– "ကောင်းတယ်ကွာ။ နေရာလည်း ကျယ်တယ်၊ မြေခင်းလည်း ပြန့်တယ်၊ ထိုင်လို့တော့ ကောင်းမှာပဲ"

သူတို့အားလုံး ဂူထဲသို့ရောက်သွားကြသည်။

ပန်သည် သဲခင်းပေါ်သို့ ပစ်ထိုင်ချလိုက်၏။

"ထိုင်လို့ကောင်းတယ်ဟဲ့။ ဒီသဲခင်းပေါ်မှာ အိပ်တောင် အိပ်ပစ်လိုက်ချင်တယ်။ တို့ အစည်းအဝေးလုပ်မယ့်နေရာကတော့ တကယ့်ကို ကောင်းမှကောင်းပဲဟေ့"

ဂျော့– (ဂူထဲသို့ လှည့်ပတ်ကြည့်ရှုရင်း) "ဒီဂူကို ဘယ်သူမှ မတွေ့နိုင်ဘူးကွ။ မှောင်တာတစ်ခုပဲ ပြောစရာ ရှိတယ်။ အပေါက်ဝမှာ ချုံနွယ်တွေ ရှိနေလို့မှောင်တာ"

အပေါက်ဝရှိ ချုံနွယ်များအား ဂျနက် ဆွဲဖယ်လိုက်သည်။
ဂူအတွင်းသို့ နေရောင်ဝင်လာ၏။

ကိုလင်– "ကောင်းတယ်ကွာ။ တို့ကစားတဲ့အခါ ဂူပေါက်ဝက ချုံနွယ်တွေကို တင်ထားမယ်။ အစည်းအဝေးထိုင်တဲ့အခါ ချထားမယ်။ ဒါထက် ပိုကောင်းတဲ့နေရာတော့ မရှိနိုင်တော့ဘူး။ တို့ အစည်းအဝေး လုပ်မယ့် နေရာက ကန့်လန့်ကာနဲ့ကွ"

ဘာဘာရာ– "ပြီးတော့ ဒီမှာကြည့်ဦး။ ကျောက်ခေါင်မိုးကလည်း မညီမညာနဲ့ ဒီနေရာမှာမြင့်တယ်၊ ဟိုနေရာကျတော့ နိမ့်သွားရော။ နံရံ တွေပေါ်မှာလည်း စင်ကလေးတွေ အဆင့်ဆင့်ရှိတယ်။ ငါတို့ ပစ္စည်းတွေ ဘာတွေ တင်နိုင်တာပေါ့။ အဲဒီတော့ ကျောင်းပိတ်ရက်တစ်လျှောက်လုံး တို့ ဒီဂူကို အသုံးပြုကြမယ်ဟာ"

ပီတာ– "အေးပါ၊ နင်တို့ စုစုကိုတော့ သတိထားကြ"

ဂျက်– "စိတ်ချပါကွာ။ ငါ ကောင်းကောင်းသတိထားပါ့မယ်။ တို့ ကြိုက်တဲ့အချိန် ဒီကိုလာလို့ ရမလားဟ။ အစည်းအဝေးမရှိတဲ့ အခါမျိုးပေါ့။ ငါ ဒီမှာ စာလာဖတ်ချင်တယ်ကွာ"

ပီတာ– "အေး… ရတယ်။ ကြိုက်တဲ့အချိန်သာလာ၊ ဒါပေမဲ့ သန့်သန့်ရှင်းရှင်းတော့ ရှိပါစေနော်။ တို့ ဒီမှာ သိမ်းထားမယ့် မုန့်တွေကို တော့ ပြောင်အောင် စားမသွားကြနဲ့။ ကိုင်း… နက်ဖြန် ၁၀ နာရီခွဲကျရင် တို့ ဒီကိုလာကြမယ်"

ဂျက်– "အို… ဒါ့ထက်စောစော လာကြရအောင်။ ငါ စောစော လာချင်တယ်။ ၉ နာရီခွဲဆိုရင် မကောင်းဘူးလား။ မဖြစ်ဘူးကွ။

ငါနဲ့ ဂျုနက်က ဖေဖေနဲ့မေမေကို ကူညီလုပ်ပေးရဦးမယ်။ အဲဒီတော့ ၁၀ နာရီ လုပ်ကွာ။ ငါတို့ ၁၀ နာရီဆိုရင်တော့ အားလောက်ပါပြီ"

"ငါ့မှာလည်း အလုပ်ရှိတာပဲ။ ငါ အမြဲတမ်း မေမေ့ကို အိမ်အလုပ်တွေ ကူလုပ်ပေးရတယ်။ ဘာဘာရာလည်း ငါ့လိုပဲ"

ဟု ပန်က ပြောၾ၏။

"ကောင်းပြီလေ၊ နက်ဖြန် ၁၀ နာရီလာကြမယ်။ မင်းတို့ စာအုပ်တွေ ယူလာချင် ယူလာကြပေါ့"

ကလေးစုံထောက်အဖွဲ့ဝင်များ တစ်စုတစ်ဝေးတည်း ဂူမှ ပြန်လာကြ၏။

ပီတာတို့ ဥယျာဉ်ဂိတ်ဝသို့ ရောက်သောအခါ အသီးသီး လူစုခွဲ၍ အိမ်ဆီသို့ ပြန်ကြလေသည်။

ဂျက် ဝင်လာသည်ကို စူစီ မြင်သည်။

သဲများကပ်နေသော ဂျက်၏ဖိနပ်ကို စူစီကြည့်၏။

"နင် ဘယ်ကပြန်လာတာလဲ။ နင့်ကို ငါ လိုက်ရှာနေတာ။ ဒီ ဖိနပ်ပေါ်က သဲတွေက ဘယ်ကသဲတွေတုံးဟဲ့"

"ငါ့ကို ဘာမှလာမေးမနေနဲ့"

ဟု ပြောပြီး စူစီအား ဂျက် တွန်း လွှတ်လိုက်သည်။

"နင် ကလေးစုံထောက်အဖွဲ့နဲ့ သွားနေတာ မဟုတ်လား။ ငါ သိပါတယ်ဟာ" ဟု ပြောပြီး စူစီ ရယ်လိုက်သည်။ "နင်တို့စကားဝှက်က ဘာတဲ့လဲ။ သကြားကြွက်ပဲလား။ ဟား... ဟား... ငါ နင်တို့ကို လှည့်စားပြလိုက်ဦးမယ်နော်"

၀

( ၅ )

# သိပ်ကောင်းသည့်နေရာကလေး



*နောက်တစ်နေ့နံနက်တွင် ပီတာနှင့်လျှနက်သည် အခြားအဖွဲ့ဝင်များထက်စောပြီး ဂူဆီသို့ ရောက်သွားကြ၏။*

ပီတာက နာရီကြည့်ပြီး...

"ဆယ်နာရီထိုးခါနီးပြီ နှင့် စိစဉ်စရာရှိတာ သွားစီစဉ်နေ။ ငါ ဝင်ပေါက်ဝမှာ ကန့်လန့်ကာနောက်ကနေ စောင့်ပြီး စကားဝှက်မေးမယ်။ အပြင်ဘက်မှာ သဲတွေချည်းဆိုတော့ သူတို့လာတဲ့ခြေသံကို ကြားရမှာ မဟုတ်ဘူး။ စောင့်နေမှဖြစ်မယ်။

မကြာမီ ခြေလှျင်လျှောက်သံဖျော့ဖျော့ ကြားရသည်။

"စကားဝှက်ပြောပါ" ဟု အသံအုပ်အုပ်ဖြင့် ပီတာ မေးလိုက်၏။

"အီစတာကြက်ဥ"

ကိုလင်၏အသံ ဖြစ်သည်။

ချုံနွယ်ကန့်လန့်ကာကို ပီတာ ဖွင့်ပေးလိုက်ရာ ကိုလင် ဒယီးဒယိုင် ဝင်လာ၏။

ကတ်ထူပုံးကြီးတစ်လုံးကို သယ်ဆောင်လာပြီး သဲခင်းပေါ်တွင် ချပြီးကျသွားသည်။

"ဟာ... စာအုပ်တွေကလည်း လေးလိုက်တာကွာ။ ကျော် ကြားသူ ၅ ယောက် စာအုပ်တွဲတွေ တစ်တွဲလုံး ယူလာခဲ့တယ်။ ဂူနံရံက စင်ပေါ်မှာတင်ထားဖို့လေ။ ဖတ်ချင်တဲ့လူရှိလည်း ငှားရတာပေါ့"

"အို... ကောင်းတာပေါ့။ ငါ ပြန်ဖတ်ချင်တဲ့ စာအုပ်တစ်အုပ် ရှိတယ်ကွ။ အဲဒီမှာ ညီညာတဲ့စင်တစ်ခုရှာပြီး စာအုပ်တွေကို တင်ထား ကွာ" ဟု ပီတာပြောသည်။

အပြင်ဘက်မှ ချောင်းဆိုးသံကြားရ၏။ အထဲသို့ဝင်ရန် တစ် ယောက်ယောက် စောင့်နေတာပဲဖြစ်မယ်။

"စကားဝှက်" ဟု ပီတာ မေးလိုက်၏။

"အီစတာကြက်ဥ"

အသံနှစ်သံပေါ်လာပြီး ကန့်လန့်ကာကို ပီတာ ဖွင့်ပေးလိုက်ရာ ပန်နှင့်ဘာဘရာ အထုပ်အပိုးများနှင့် ဝင်လာ၏။

"အေး... အဲဒီအထုပ်တွေကို ဂျနက် သိမ်းထားပေးလိမ့်မယ်" ဟု ပီတာပြောပြီး ကန့်လန့်ကာအနီးရှိ သူ့နေရာတွင် ဆက်လက်ရပ်နေ၏။

ထို့နောက် ဂျက်နှင့်ကျော့ ရောက်လာသည်။

"တော်သေးတာပေါ့ကွာ။ ဥယျာဉ်အစပ်မှာ စုစီရှိနေတုန်း ငါ အသာလေး လစ်ထွက်လာခဲ့တာ။ ဖျော်ရည်နှစ်ပုလင်းနဲ့ ရေနှစ်ပုလင်း ငါ ယူလာခဲ့မယ်" ဟု ဂျက်က ပြော၏။

"ကောင်းတာပေါ့ကွ"

ဟု ပီတာပြောပြီး ကန့်လန့်ကာကို ပြန်လည် မ,တင်လိုက်

သည်။ ဂူထဲသို့ နေရောင်ခြည်ဝင်နိုင်အောင် ဖြစ်၏။

"ငါတို့ ဒီနေရာမှာ လုံးဝလုံခြုံတယ်လို့ ထင်တယ်။ ဒီကျောက်မိုင်းကို စွန့်ပစ်ထားတာ နှစ်ပေါင်း မနည်းတော့ဘူးကွ။ ဒီမှာ ဂူတစ်ခု ရှိနေတယ်ဆိုတာ လူတွေတောင် မေ့နေလောက်ပြီ"

ဟု ပီတာ ဆက်ပြောသည်။

ဂျနက်– "ဒီနားတစ်ဝိုက်မှာ တစ်ယောက်ယောက် ရစ်သီရစ်သီ လုပ်နေတာတွေ့ရင် စကင်ပါ ဟောင်မှာပဲ။ အဲဒီအခါကျရင် တို့ ကန့်လန့်ကာကို မြန်မြန်ချပြီး အထဲမှာငြိမ်ငြိမ်လေး နေနေကြတာပေါ့"

ဂူအတွင်းမှာ နေရာထိုင်ခင်း ကောင်းလှပေသည်။ သဲပြင်ပေါ်တွင် ကူရှင်များကို ဟိုတစ်ခုဒီတစ်ခု ချထားရာ ထိုင်ရန်အသင့်ဖြစ်နေ၏။

ကျောက်နံရံရှိ အဆင့်များပေါ်တွင် ကိုလင်နှင့် ဂျက်တို့၏ စာအုပ်များကို စီတင်ထားသည်။

အဆင့်တစ်နေရာတွင် ပလတ်စတစ်ခွက်များက အစီအရီ။

ဂျက်ယူလာသော ဖျော်ရည်ပုလင်းနှင့် ရေပုလင်းများက တန်းစီလျက် ထောင့်တစ်ထောင့်တွင် သံဖြူပုံးတစ်ပုံး။

အဆိုပါ သံဖြူပုံးထဲတွင် အဖွဲ့ဝင်များ ယူဆောင်လာသည့် စားစရာများ။

တစ်နေရာတွင် သကြားလုံးဘူး ဘီစကွက်ဘူးနှင့် ပန် ယူလာသော ချောကလက် ပြားနှစ်ပြား။ ထို့ပြင် စတော်ဘယ်ရီ ယိုပုလင်းတစ်ပုလင်း။

"တကယ်ပဲဟေ့။ သိမ်ကို သားနားတာပဲ" ဟု ပီတာပြောသည်။

ဂျနက်– "အေး.. ဟုတ်တယ်။ ငါတို့မှာ အားလုံးအတွက်

နေရာတွေလည်း အသီးသီးရှိနေကြပြီ၊ ဟိုထောင့်က စကောင်ပါ့အတွက်ပေါ့။ ဒိမ်ကနေ သူကိုက်လာတဲ့အရိုးကို အဲဒီနေရာမှာ သူ တူးပြီး မြှုပ်ထားလို့ရမယ်။ စကောင်ပါ အဲဒီနေရာက မင်းအတွက်နော်။ အဲဒီထောင့်လေးဟာ မင်းအတွက် သီးသန့်နေရာလေးလို့ ငါ အားလုံးကို ပြောထားပြီးပြီ”

ထိုနေရာတွင် စကောင်ပါ ထိုင်နေဆဲဖြစ်သည်။

အရိုးတစ်ချောင်းသည် စကောင်ပါ့အဖို့ အဖိုးထိုက်၊ အဖိုးတန်ပိုင်ဆိုင်မှုတစ်ခုပင်ဖြစ်၏။

“ငါတော့ ဗိုက်ဆာပြီဟေ့။ တစ်ခုခုစားရအောင်ကွာ။ ငါတို့မှာ စားစရာ၊ သောက်စရာ အပြည့်ရှိနေတာပဲ”

“ငါတော့ ဂျင်းပေါင်မုန့် စားမယ်။ အေး... ဂျင်းပေါင်မုန့်တွေဟာ မနေ့က ငါ့မေမေလုပ်ထားတာတွေပေါ့။ တကယ်ကောင်းတယ်ကွာ။ တို့ အဲဒါတွေကို စ,စားရအောင်” ဟု ကိုလင်ပြောသည်။

သို့ဖြင့် ကလေးစုံထောက်အဖွဲ့ဝင်အားလုံး ဝိုင်းထိုင်ပြီး ဂျင်းပေါင်မုန့်များကို စားကြ၏။

ကန့်လန့်ကာတင်ထားဆဲ ဖြစ်သဖြင့် ဂူထဲသို့ နေရောင်ခြည်ဝင်ရောက်နေဆဲ ဖြစ်သည်။

သိပ်ကောင်းတဲ့အစည်းအဝေး ကျင်းပရာ နေရာကလေးပါပင်။

( ၆ )

# ရှစ်ယောက်မြောက်လူ



***မိုးရွာသောနေ့များတွင် ကလေးဆုံတောက်ကပွဲဝင်များ သည် ဂူအတွင်းမှာ လဲလျောင်းပြီး ခါးပတ်ခြင်း၊ ကစားခြင်းတို့ ကို ပြုကြ၏။*** ကျောက်နံရံရှိ အဆင့်များတွင် သတင်းစာများနှင့် မဂ္ဂဇင်းစာအုပ်များအပြင် စားစရာ၊ သောက်စရာများလည်း ရှိလေသည်။

ဂျုနက်– "တို့ တူတူပုန်းတမ်းကစားကြရအောင်ဟာ။ အပြင်မှာ နေသာတယ်ဟဲ့။ ခြေညောင်းလက်ဆန့် လုပ်ရတာပေါ့"

သူတို့အားလုံး ဂူအပြင်သို့ ထွက်လာကြ၏။

ဂျက်မှာ လိုက်ရှာသူအဖြစ် ဆောင်ရွက်ဖို့ ရွေးချယ်ခံရသည်။

ပုန်းနေသောသူများအား လိုက်မရှာမီ ဂျက်သည် မျက်စိကို မှိတ်၍ တစ်၊ နှစ်၊ သုံး၊ လေးမှ တစ်ရာအထိ ရေရ၏။

ဂျက်သည် လိုဏ်ဂူဆီသို့ လှမ်းကြည့်လိုက်သည်။ ဂူထဲသို့ တစ်စုံတစ်ယောက်သောသူ လှစ်ခနဲ ဝင်သွားသည်ကို မြင်လိုက်ရသည်။

"ခဏနေဦးကွာ" ဟု ဂျက် ပြောလိုက်သည်။ သူ့မျက်နှာမှာ ဇဝေဇဝါ ဖြစ်နေပုံရသည်။ "ငါ နားမလည်တာတစ်ခု ရှိသေးတယ်။ တို့ ဂူထဲကို သွားရအောင်"

ဂျက်နှင့် ပီတာ ဂူဆီသို့ ထွက်သွားကြ၏။ ထိုနေရာတွင် အဖွဲ့

ဝင် ၅ ယောက်တို့ စောင့်နေကြ၏။

"မင်းက ဘာကို နားမလည်တာလဲ" ဟု ပီတာမေးလိုက်သည်။

"ငါ တစ်၊ နှစ်၊ သုံး၊ လေး ရေတွက်လို့မပြီးခင် ဂူထဲကို လူတစ်ယောက် လှစ်ခနဲဝင်သွားတယ်ကွ။ အဲဒီနောက် ပန်ကို ငါ မြင်လိုက်ရတယ်။ ပြီးတော့ ဂျနက်နဲ့ ဘာဘရာကွာ။ အဲဒီနောက်မှာ ကိုလင်၊ ပြီးတော့ မင်းနဲ့ဂျော့ကွာ"

"အေးလေ၊ မင်းက ဘာကို ဇဝေဇဝါ ဖြစ်နေတာလဲ"

"ဟာ... တို့ ခုနစ်ယောက်တောင် ဖြစ်မနေဘူးလား။ စကောင်ပါကို ထည့်မတွက်နဲ့။ ငါသိချင်တာက ခုနစ်ယောက်မြောက်လူဟာ ဘယ်သူလဲ"

သူတို့အားလုံး ရေတွက်ကြည့်ကြသည်။ ဂျက်ပြောတာ မှန်သည်။ ခုနစ်ယောက်ဖြစ်သည်။ ၇ ယောက်မဟုတ်ပါ။

သူတို့အား ဂျက် ရှာမတွေ့မီ မည်သူမျှ ဂူထဲသို့ မဝင်မိခဲ့ပါဟု အသီးသီး ပြောကြ၏။

"ကိုင်း... ဒါဖြင့် ဂူထဲကို ဝင်သွားတဲ့လူဟာ ဘယ်သူဖြစ်မလဲ"

ဂျက်မှာ ဇဝေဇဝါဖြစ်နေဆဲပင်။

အားလုံးက လှည့်ပတ်ရှာဖွေကြည့်ကြသည်။

ပန်– "ဒီမှာ ဘယ်သူမှ မရှိပါဘူးဟဲ့။ အို... ဂျက်ရေ၊ စိတ်ဖြစ်နိုင်တယ်လို့ နင် ထင်လို့လား"

"ငါ မသိဘူးဟ။ တစ်စုံတစ်ယောက်ကို ငါ မြင်လိုက်တာပဲ ရှိတယ်။ ဘယ်သူဆိုတာ မသိဘူး"

ပီတာသည် ကျောက်နံရံအဆင့်ပေါ်မှ လက်နှိပ်ဓာတ်မီးကိုယူ၍ ခလုတ်နှိပ်လိုက်၏။

ခင် စာပေ

အုတ်ဂူအတွင်းပိုင်းရှိ မှောင်နေသော ထောင့်များသို့ လက်နှိပ်ဓာတ်မီးကို ထိုးလိုက်၏။

"ဟေ့... အထဲက ဘယ်သူလဲကွ။ ထွက်လာခဲ့ကွ"

မည်သူမျှ ထွက်မလာပါ။ မှောင်နေသော ဂူအတွင်းပိုင်း နေရာများမှာ လက်နှိပ်ဓာတ်မီးအလင်းရောင်ကြောင့် လင်းထိန်နေပေသည်။ ထိုနေရာများတွင် တစ်စုံတစ်ဦးမျှ ရှိမနေပါ။

"အဲဒါ ဆန်းတယ်ကွ" ဟု ဂျက်သည် မျက်မှောင်ကြုတ်လျက် ပြောလိုက်၏။ "ပီတာ၊ ငါ့ကို လက်နှိပ်ဓာတ်မီး ပေးစမ်းကွာ။ ငါတို့ သတိမထားမိတဲ့ ထောင့်တစ်ခုခု၊ အပေါက်တစ်ခုခုများ ရှိနေဦးမလားလို့ ငါ သွားကြည့်မယ်"

ဂူ၏အတွင်းဘက်သို့ ဂျက် ဝင်သွားပြီး လက်နှိပ်ဓာတ်မီး အလင်းရောင်ဖြင့် သေချာစွာ လှည့်ပတ်ကြည့်ရှုသော်လည်း မည်သူကိုမျှ မတွေ့ရ။

တစ်ယောက်ယောက် ပုန်းခိုနေနိုင်သည့် ထောင့်ကိုသော်လည်းကောင်း၊ တွင်းကိုသော်လည်းကောင်း မတွေ့ရပါ။

ဂျက် ပြန်လာသည်။ ဇဝေဇဝါဖြစ်နေဟန် ရှိ၏။ "တို့အားလုံး ဒီမှာရှိနေချိန်မှာ တစ်ယောက်ယောက်က ဒီဂူထဲကို လာပါ့မလား" ဟု ပီတာ ပြော၏။

"တို့က လိုက်တမ်း၊ ပုန်းတမ်းကစားနေကြတာဆိုတော့ အသံမထွက်ဘူးလေ။ ဒီတော့ ဂူထဲမှာ ဘယ်သူမှမရှိဘူးလို့ ထင်နိုင်တာပဲ" ဟု ဂျက် ပြန်ပြော၏။

"အေးလေ၊ မင်းပြောတာ ငါ သဘောပေါက်ပါတယ်။ ဒါပေမဲ့

ဘယ်သူမှ မရှိပဲ။ ကဲ... လာကွာ၊ တို့ ဆက်ကစားလိုက်ကြရအောင်။ ဒီတစ်ခါ ငါလိုက်ရမယ့် အလှည့်။ မင်းတို့အားလုံး သွားပုန်းကြတော့" ဟု ပီတာ ပြောလိုက်လေသည်။

## (၇)

## ရှစ်တို့အတွက် ထောင်ချောက်



*နောက်တစ်နေ့မှာ ပျော်စရာကောင်းသည့်နေ့တစ်နေ့ ဖြစ်သည်။*

ပင်တန်မြို့ကလေးထဲတွင် ဆပ်ကပ်အဖွဲ့ လှည့်လည်ပြသရာ နောက်သို့ သူတို့ လိုက်လံကြည့်ရှုကြသည်။

ထို့နောက် အိမ်သို့ ထမင်းစားရန် ပြန်လာကြပြီးနောက် ဂူဆီသို့ အသီးသီးထွက်ခွာလာခဲ့ကြသည်။

ပန်နှင့် ဘာဘရာတို့ အစောဆုံး ရောက်ကြသည်။ ဂူထဲသို့ ရောက်သော် ပန် အံ့ဩသွား၏။

"ဘုရားရေ ဒီမှာကြည့်စမ်း။ ငါတို့ ချောကလက်တစ်ပြား ထားခဲ့တယ်။ ချောကလက်ပြား အကြီးကြီးလေ။ ဒီနေရာမှာ ငါကိုယ်တိုင် ထားခဲ့တာပဲ။ အခု မရှိတော့ဘူး"

"တခြားတစ်နေရာ ဖြစ်ပါလိမ့်မယ်" ဟု ဘာဘရာ ပြောပြီး နောက် သူမသည် တစ်စုံတစ်ရာကို သတိပြုမိသွား၏။ "ဘုရားရေ ဒီမှာလည်း ကြည့်စမ်းပါဦး။ ကူရှင် ၃ ခု ပျောက်နေတယ်။ တစ်ယောက် ယောက်များ လာသွားသလား"

"စူစီပဲကွ" ဟု ပန်က မျက်မှောင်ကြုတ်လျက် ပြောသည်။ "စူစီလက်ချက်ပဲကွ၊ ဆပ်ကပ်လှည့်တာကို လိုက်ကြည့်တဲ့အထဲမှာ သူ မပါဘူး။ ဆပ်ကပ်လှည့်တာ တို့ လိုက်ကြည့်နေတုန်း သူ ဒီဂူကို လိုက်လာတာ ဖြစ်မယ်။ ဂျက်ကို နောက်ယောင်ခံလိုက်ရင်းနဲ့ ဒီဂူရှိတဲ့ နေရာကို သိသွားတာဖြစ်မယ်။ အတော်ဆိုးတဲ့ စူစီပဲ"

"ဟော... တခြားအဖွဲ့ဝင်တွေ လာကြပြီ။ တို့ သူတို့ကို ပြောပြကြမယ်"

"အီစတာကြက်ဥ"

ဟု စကားဝှက်ပြောသံကြားရပြီး ဂူထဲသို့ ကိုလင်နှင့် ဂျော့ ဝင်လာကြသည်။

"စူစီ ဒီကို လာသွားတယ်ဟ" ဟု ပန် စိတ်ဆိုးမာန်ဆိုး ပြောသည်။ "ဒီမှာကြည့်ပါလား။ ကူရှင်တွေ ပျောက်နေတယ်။ ချောကလက်ပြားကြီး တစ်ပြားလည်း မရှိတော့ဘူး။ ပြီးတော့ ဘူးတစ်ဘူးလည်း အောက်ကိုပြုတ်ကျနေတယ်"

ဘာဘာရာ– "ပြီးတော့ ဒီမှာကြည့်ဦး။ ဒီနေ့စားဖို့အတွက် ချန် ထားတဲ့ မုန့်တွေအားလုံး ကုန်သလောက်နီးနီးပဲ"

မကြာမီ ပီတာ၊ ဂျနက်နှင့် ဂျက်တို့ ရောက်လာကြရာ သူတို့အား အကျိုးအကြောင်းကို ပြောပြကြသည်။

"ဒါပေမဲ့ အခုကိစ္စမှာ စူစီ့ကြောင့်တော့ မဖြစ်နိုင်ဘူးကွ။ ခြေသလုံး အိမ်တိုင်သမား တစ်ယောက်ယောက်ကြောင့် ဖြစ်လိမ့်မယ်"

ဟု ပီတာ ပြောသည်။

"အင်း... ပန်ပြောတာလဲ ဟုတ်တယ်။ ဟော့... ဂျက်၊

စုစီ လုပ်တာလားဆိုတာ မင်း နည်းနည်းစုံစမ်းကြည့်စမ်းကွာ"

"အေးပါ၊ ငါ အခုပဲ သွားလိုက်မယ်။ ဒါပေမဲ့ စုစီလုပ်တာလို့တော့ မထင်ဘူးကွ။ မနေ့က ဂူထဲဝင်သွားတဲ့လူကို မမှတ်မိလိုက်တာ နာတာပဲကွာ"

ဂျက်သည် စုစီ့ထံသို့ ထွက်ခွာသွား၏။

ပြီး တစ်နာရီခန့်အကြာတွင် ပြန်ရောက်လာသည်။

"စုစီက ပြောတယ်။ ငါတို့ အစည်းအဝေးလုပ်တဲ့ နေရာအသစ်နားကို သူ ဘယ်တုန်းကမှ မသိခဲ့ဖူးဘူးတဲ့၊ ဘယ်နေရာမှာ ရှိတယ်ဆိုတာတောင် မသိဘူးတဲ့ကွ။ ငါက သူ့ကို စွပ်စွဲတဲ့အတွက် သူ ငါ့ကို အကြီးအကျယ် ဒေါပွတော့ မေမေကြားပြီး ရောက်လာတယ်ကွ"

ပီတာ– "အိုး . . ဆိုးလိုက်တာ။ ပြီးတော့ ဘာဆက်ဖြစ်သေးလဲ"

"မေမေက ငါ့ကို အစည်းအဝေးလုပ်တဲ့နေရာက ဘယ်မှာလဲလို့ မေးတယ်ကွာ။ ငါ ဘယ်လိုလုပ်ပြီး ဖွင့်မပြောဘဲ နေနိုင်တော့မှာလဲကွ"

အားလုံး နှုတ်ဆိတ်သွားကြသည်။

"မင်းပြောလိုက်တော့ စုစီ ရှိနေလား" ဟု ပီတာ မေးသည်။

"ရှိတယ်။ သူက ငါတို့ဂူကို တွေ့အောင်ရှာပြီး နှောင့်ယှက်ဦးမယ်လို့ ခြိမ်းခြောက်တယ်ကွာ။ စုစီဟာ ဒီနေ့မနက်မှာ တို့ဂူဆီကို ရောက်မလာဘူးတဲ့ကွ။ သူ တစ်ချိန်လုံး ဂျက်ဖ်နဲ့အတူ ဥယျာဉ်ထဲမှာ ကစားနေတယ်လို့ မေမေက ပြောတယ်"

ပီတာ– "ဒါဖြင့် ဘယ်သူဖြစ်မလဲ"

အားလုံး နှုတ်ဆိတ်သွားကြပြန်သည်။

---

**ခင် စာပေ**

ပန်သည် ဂူထဲသို့ လှည့်ပတ်ကြည့်ရှုနေ၏။

ဒီကိုလာသွားတာ ဘယ်သူလဲ။ မနေ့က ဂျက် တွေ့လိုက်တယ်ဆိုတဲ့ လူဟာ ဘယ်သူလဲ။

ပီတာ– "အခုဆိုရင် တို့ရဲ့ဂူအကြောင်းကို စူစီ သိသွားပြီကွာ။ တို့ မရှိတဲ့အချိန်မှာ တစ်ယောက်ကတော့ ဂူမှာ စောင့်မှဖြစ်မယ် ထင်တယ်။ တို့မရှိတုန်း စူစီလာပြီး နှောင့်ယှက်လို့မရအောင် ပြောတာ။ အခုကိစ္စမှာ စူစီ့လက်ချက်သာ မဟုတ်လို့ကတော့ တို့ကို စူစီ့အနေနဲ့ စိတ်ဆိုးပြီးသားပဲကွ"

ဂျက်– "စူစီ့အနေနဲ့ ဂျက်ဖ်ကိုခေါ်လာပြီး ဒီနေရာတစ်ခုလုံးကို မှောက်ပစ်ထားရင်တောင် ငါတော့ မအံ့ဩဘူးဟေ့"

ဂျော့– "သူတို့လာရင် တို့ ထောင်ချောက်ဆင်ထားရအောင်။ အဝင်ဝမှာ ရေကရားတစ်လုံး တင်ထားမယ်ကွာ။ ကန့်လန့်ကာကို ဆွဲဖွင့်လိုက်တာနဲ့ သူတို့အပေါ်ကို ရေကရား မှောက်ကျသွားမှာပဲ"

ပန်ကရယ်လျက်...

"ဟုတ်တယ်။ တို့ အဲဒီလိုလုပ်ကြရအောင်"

ကိုလင်– "ငါ့ညီအစ်ကိုတော်တစ်ယောက် တစ်ခါက လုပ်ဖူးသလို လုပ်ရင်လည်း ဖြစ်တယ်ကွ။ ဒီလိုလေ၊ ငါတို့ အပ်ချည်ကြိုးကို ပျားရည်ထဲမှာနှစ်ပြီး ဂူဝင်ပေါက်မှာ ချည်ထားမယ်။ ဂူထဲဝင်လာတဲ့လူအဖို့ ရောမပင့်ကူအိမ်ကြီးနဲ့ ဝင်တိုးမိသလို ဖြစ်သွားအောင်လို့လေ"

ထို့နောက် သူတို့သည် ဂူမှမပြန်ခင် ရေကရားထောင်ချောက်နှင့် ပျားရည်သုတ်ထားသော အပ်ချည်ကြိုးဖြင့် ဂူဝတွင် ထောင်ချောက်ဆင်ထား ခဲ့ကြ၏။

---

ခင် စာပေ

လက်ဖက်ရည်သောက်ပြီးချိန်တွင် ပီတာတစ်ယောက်တည်း ဂူသို့ ပြန်လာပြီး ဆင်ထားခဲ့သော ထောင်ချောက်များကို စစ်ဆေးကြည့်သည်။ သူတို့ထားခဲ့သည့်အတိုင်း အရာမပျက်ရှိနေဆဲပင်။

ပီတာ အိမ်ပြန်ရောက်သည့်အခါ ဂျနက်အား...

"စုစီနဲ့ ဂျက်ဖ် ရောက်မလာကြသေးဘူးကွ။ မမှောင်ခင် နောက်တစ်ခေါက် ငါ သွားကြည့်ဦးမယ်" ဟု ပြော၏။

နောက်တစ်ခါထပ်၍ သွားကြည့်ရာတွင်လည်း ထောင်ချောက်များမှာ မူလအတိုင်းပင် ရှိနေသေးသည်ကို ပီတာ တွေ့ရသည်။

၀

( ၈ )

# အဲလ်ဘတ်တန်နာ



*နောက်တစ်နေ့နံနက် ၉ နာရီမတိုင်မီတွင် ပီတာထံသို့ ဂျက် ရောက်လာသည်။*

"မနေ့က တစ်ညနေလုံးနဲ့ ဒီနေ့မနက်မှာ စူစီကို ငါ စောင့်ကြည့်နေတယ်ကွ။ စူစီ ငါတို့ဂူဆီကို မရောက်ဘူးဆိုတာ မင်းကိုပြောပြဖို့ ငါ လာတာ။ အခု သူ ဂီတသင်တန်းသွားနေတယ်။ ၁၂ နာရီအထိ တို့အနှောင့်အယှက်ကင်းတယ်ဟေ့"

ထို့နောက် ၁၀ နာရီထိုးဖို့ ၅ မိနစ်အလိုတွင် ပီတာ၊ ဂျနက်၊ စကင်ပါတို့သည် ဂျက်နှင့်အတူ ဂူဆီသို့ သွားရောက်ကြသည်။

ဂူသို့ရောက်လျှင် ရှေးဦးစွာ ထောင်ချောက်ဆင်ထားသော ရေကရားကို ဂျက် တက်ယူပြီး အောက်သို့ချရ၏။

ထို့နောက် ဂူပေါက်ဝတွင် သွယ်တန်းချည် နှောင်ထားသော ပျားရည်သုတ်အပ်ချည်ကြိုးများကို ဖြတ်တောက်ပစ်ရသည်။

ဂူထဲသို့ ရောက်သွားကြသည့်အခါ သူတို့အားလုံး အံ့အားသင့်ပြီး မိမိတို့၏မျက်လုံးများကိုပင် မယုံနိုင်အောင် ဖြစ်သွားကြသည်။

ဘူးများအားလုံး ပွင့်နေသည်။ အထဲတွင် ဘာမှမရှိတော့။ ဘူးတချို့က မြေကြီးပေါ် ရောက်နေသည်။

---

ခင် စာပေ

နောက်ထပ် ကူရှင်နှစ်ခု ပျောက်သွားသည်။ လီမွှော်ရည် တစ်ပုလင်းနှင့် ရေတစ်ပုလင်းလည်း မတွေ့တော့။

ပူရှိန်းသကြားလုံးဘူးမှာ အစအနပင် မတွေ့ရတော့ပါ။

ထို့အတူ စာအုပ်အချို့လည်း ပျောက်နေလေသည်။

ကျောက်နံရံအဆင့်ပေါ်တွင် ကိုလင်တင်ထားခဲ့သည့် လက်နှိပ် ဓာတ်မီးလည်း စုပ်စပြုပ်စ။

"ထောင်ချောက်တွေ အနေအထားမပျက်ဘဲနဲ့ အထဲကို ဘယ်သူဝင်နိုင်ပါ့မလဲ" ဟု ပီတာ ပြောသည်။ "ဒီအခြေအနေကို ငါ မကြိုက်တော့ဘူးကွာ။ တို့ အစည်းအဝေးလုပ်ဖို့ နောက်တစ်နေရာ ထပ်ရှာမယ်"

ဂျနက်- "ဟုတ်တယ်။ ငါလည်း ဒီထဲမှာ ဆက်မနေချင်တော့ဘူး"

မကြာမီ ကျန်အဖွဲ့ဝင် ၄ ယောက်တို့ ရယ်ကာမောကာ စကား ပြောကာဖြင့် ကျောက်မိုင်းပေါင်းကို ဖြတ်သန်းလျက် ဂူဆီသို့ လျှောက် လာကြ၏။

ရောက်မဆိုက်မှာပင် ဂူတွင်ဖြစ်ပေါ်နေသည့် အခြေအနေကို ပီတာက ပြောပြသည်။

အဖွဲ့ဝင်အားလုံးက ဤဂူအား စွန့်ခွာရန်အဆိုကို ထောက်ခံကြ သည်။ သူတို့အဖို့ စိတ်မကောင်းစရာဖြစ်ရသည်။

စကင်ပါက သူတို့အား အံ့သြတကြီး စောင့်ကြည့်နေ၏။ ထို့ နောက် သူ့အရိုးမြှုပ် ထားသည့် ဂူထောင့်သို့ ပြေးသွားသည်။ ထိုစဉ်

ကျောက်နံရံပေါ်ရှိ အဆင့်နိမ့်နိမ့်ပေါ်မှ တစ်စုံတစ်ရာအား စကင်ပါ အနံ့ခံမိသွား၏။

ယင်းအနံ့မှာ ကလေးစုံထောက် ရ ယောက်တို့၏ အနံ့မျိုးနှင့် မတူပါ။ ထိုအရာကို စကင်ပါသည် ပါးစပ်ဖြင့် ကိုက်ယူပြီး ပီတာ့ထံ ပြေးသွားကာ ပီတာ၏ခြေရင်းတွင် ချထားလိုက်၏။

သရေကွင်းပတ်ထားသော ညစ်ပေနေသည့် မှတ်စုစာအုပ် တစ်အုပ်။

မှတ်စုစာအုပ်၏ ရှေ့ပိုင်းတွင် ရေးထားသည့်နာမည်တစ်ခုကို သူတို့အားလုံး မြင်လိုက်ကြရသည်။

"အဲလ်ဘတ်တန်နာ ဆိုပါလား။ သူဟာ ဂူထဲကိုလာတဲ့လူပဲ ဖြစ်ရမယ်။ အဲလ်ဘတ်တန်နာ၊ သူ ဘယ်သူဖြစ်နိုင်သလဲ"

၆

(၉)

# နေရာ



*ကလေးနှံ့ထောက် ၇ မောက်သည် အထုပ်အပိုးကိုယ်စီ ပိုက်ကာ ဂူမှ ထွက်ခွာလာခဲ့ပြီးနောက် ပီတာ၏ဉယျာဉ်တွင်းသို့ ရောက်လာကြ၏။*

"ငါတို့ နွေရာသီအိမ်ကို သွားကြမယ်ကွာ။ သိပ်တော့ ဇိမ်မကျ ပေမဲ့ အဲဒီမှာ လွတ်လွတ်လပ်လပ် ပြောလို့ဆိုလို့တော့ ရပါတယ်ကွ" ဟု ပီတာ ပြောသည်။

မကြာမီ သူတို့သည် နွေရာသီအိမ်ရှိ ခုံတန်းလေးပေါ်တွင် ထိုင်နေကြတော့သည်။

ပီတာသည် အိတ်တွင်းမှ မှတ်စုစာအုပ် အစုတ်ကလေးကို ဆွဲထုတ်ပြီး ဖွင့်လိုက်၏။ အခြားအဖွဲ့ဝင်များသည် ဝိုင်းအုံကြည့်ကြသည်။

"မင်းတို့သိကြတဲ့အတိုင်း အဲလ်ဘတ်တန်နာဟာ သူ့နာမည်ကို စာအုပ်မှာ ရေးထားတယ်။ ဒါ့အပြင် စာအုပ်ထဲမှာ သိပ်များများစားစား မတွေ့ရဘူး။ တောင်ခြစ်မြောက်ခြစ် ခြစ်ထားတာလေးတွေပဲ ရှိတယ်။ ဒီမှာကြည့် 'အာလူး၊ ခါးပုမုန်လာ၊ ခရမ်းချဉ်သီး၊ ဂျုံမှုန့်' တဲ့ ဈေးဝယ် တဲ့ စာရင်းလို့ ငါ ထင်တယ်"

ပီတာသည် နောက်ထပ် စာတစ်မျက်နှာ နှစ်မျက်နှာလောက်ကို လှန်လိုက်ပြန်၏။

ခင် စာပေ

"နောက်ထပ် ဈေးဝယ်စာရင်းတစ်ခုနဲ့ ကိန်းဂဏန်းတချို့ကို ရေထားတယ်ကွ။ ဒီမှတ်စုစာအုပ်ဟာ တို့အတွက် သိပ်အသုံးမကျ လောက်ပါဘူးကွာ"

မှတ်စုစာအုပ်ကို ဂျက်ယူပြီး အမြီးပြန်ခေါင်းပြန်ကြည့်သည်။ ကျောဘက်တွင် ပိုက်ဆံထည့်ရန် အိတ်ကလေးတစ်ခုကို တွေ့၏။

ယင်းအိတ်ကို စောစောပိုင်းက ပီတာ သတိမပြုမိခဲ့ပါ။

အိတ်ထဲသို့ ဂျက် လက်ဖြင့် စမ်းကြည့်လိုက်သည်။

စာရွက်ပိုင်းတစ်ခု။

ယင်းအပေါ်တွင် အဲလ်ဘတ်တန်နာ၏ လက်ရေးနှင့် မတူသည့် အခြားလက်ရေးတစ်မျိုးဖြင့် ရေးသားထားသော စာလုံးအချို့ တွေ့ရ သည်။

ဂျက်– "ကြည့်ကြစမ်းဟေ့။ ဒီစာရွက်ဟာ အဲလ်ဘတ်တန်နာ ဆီကို ပေးတဲ့စာရွက်ကွ"

"ဘယ်လိုရေးထားသလဲဟင်။ တို့အတွက် အသုံးတဲ့ရဲ့လား"

ဟု ဂျနက်က စိတ်လှုပ်ရှားစွာမေးသည်။

"စာက ဒီလိုကွ၊ စာထဲမှာ ထည့်ရေးလို့မကောင်းတဲ့နေရာကို ဂျင် သိတယ်။ မင်းကို သူပြောလိမ့်မယ်။ ၁၅ ရက်နေ့ ညနေပိုင်း ၈း၃၀ မှာ စာပို့တိုက်ခုံတန်းမှာ သူ့ကိုတွေ့ပါ။ တက်"

ပီတာ– "၁၅ ရက်နေ့၊ ဒီနေ့ပဲကွ။ ဒီစာဟာ အရေးကြီးတဲ့ စာပဲ။ ဘယ်လိုအရေးကြီးသလဲတော့ မသိဘူး။ ဂျင်က အဲလ်ဘတ်ကို ပြောပြမယ့် နေရာဆိုတာက ဘာလဲ"

ကလေးစုံထောက် ၇ ယောက်လုံး စိတ်လှုပ်ရှားလာကြသည်။

---

ခင် စာပေ

ကိုလင်သည် ပီတာ၏အင်္ကျီလက်ကို လှမ်းဆွဲလိုက်၏။

"ငါ ဒီည စာပို့တိုက်ခုံမှာ သွားထိုင်မယ်။ အဲဒီမှာ ဂျင်ကို တွေ့ပြီး သူ အဲလ်ဘတ်နဲ့ စကားပြောတာကို ငါ ကြားရနိုင်တယ်။ အဲလ်ဘတ်ကိုပါ တွေ့ရမှာပဲ"

အားလုံးနှုတ်ဆိတ်သွားသည်။ အဖွဲ့ဝင်အသီးသီးတို့မှာ စိတ်အားတက်ကြွနေကြသည်။

"ကိုလင်၊ အဲဒီကို မင်းနဲ့ဂျက်သွားကြပြီး အဲလ်ဘတ်နဲ့ ဂျင်တို့ ပြောတဲ့စကားကို သေသေချာချာ နားထောင်ကြကွာ"

ကိုလင်- "ဂျက်၊ မင်း လိုက်နိုင်သလား"

"အိုး... လိုက်နိုင်တာပေါ့။ အဲလ်ဘတ်နဲ့ ဂျင်ကို တို့ နောက်ယောင်ခံလိုက်ကြရင် မကောင်းဘူးလား။ တစ်ယောက်က အဲလ်ဘတ် နောက်ကိုလိုက်ပြီး နောက်တစ်ယောက်က ဂျင်နောက်ကို လိုက်မယ်ကွာ။ အဲဒါဆိုရင် ဂျင်နေတဲ့နေရာကို တို့ သိနိုင်လိမ့်မယ်။ ဂူဆီကို အဲလ်ဘတ် ပြန်သွားရင် ငါ သူ့နောက်ကနေ လိုက်သွားမယ်"

ဂျနက်- "စာထဲမှာပါတဲ့ 'နေရာ' ဆိုတဲ့ဆီမှာ တစ်ခုခုဝှက်ထား လိမ့်မယ်လို့ နင်တို့ထင်သလား ဟင်"

ပီတာ- "ဖြစ်နိုင်ချေ ရှိတာပေါ့။ ဝှက်ထားတဲ့ပစ္စည်း ရှိတယ်ဆိုရင် အဲဒါဟာ အဖိုးတန်လို့ပဲ။ အဖိုးတန်ပစ္စည်းဆိုရင် ခိုးလာတာ ဖြစ်လိမ့်မယ်"

ကိုလင်- "ဟုတ်တယ်။ တခ်ခိုးလာတဲ့ ပစ္စည်းတွေ ဒါမှမဟုတ် တခ်နဲ့ အဲလ်ဘတ်ခိုးလာတဲ့ ပစ္စည်းတွေ။ ပြီးတော့ အဲဒါတွေကို တခ်က ဝှက်ထားတယ်။ အဲဒီနောက် တခ် အဖမ်းခံရတယ်။ ပြီးတော့ ထောင်ကျ

သွားတယ်။ အခုဝှက်ထားတဲ့ပဟေဠိကို တက်က အဲလ်ဘတ်ကို ရှာခိုင်း တယ်"

အားလုံး ရယ်မောကြသည်။

ဂျက်– "မင်းက စာတ်လမ်းတစ်ပုဒ်လုံးကို ဆင်လိုက်တာလား။ မင်းဆင်တဲ့ ဇာတ်လမ်းအတိုင်းတော့ ဟုတ်ချင်မှဟုတ်လိမ့်မယ်။ နေရာကို သိတာနှင့်တစ်ပြိုင်နက် အဲလ်ဘတ်ထက်ဦးအောင် တို့ သွားရမယ်ကွ"

"သိပ်တော့ မလွယ်ဘူးနော်။ အဲလ်ဘတ်လည်း အဲဒီကို ချက်ချင်းသွားမှာပဲ။ သူသွားလိမ့်မယ်လို့ ငါထင်တယ်" ဟု ပီတာ ပြောသည်။ "တို့ သူ့နောက်ကနေ နောက်ယောင်ခံလိုက်သွားကြပေါ့။ ဒါဆိုရင် စာထဲမှာပါတဲ့ 'နေရာ'ဆိုတာကို တို့ သိရတာပေါ့ကွာ"

၀

(၁၀)

## စာခြောက်ရုပ်ဆိုတာ ဘာလဲ



*ထိုနေ့ညနေပိုင်းတွင် ကိုလင်နှင့်ဂျက်တို့သည် ဘာ တိုက်တွင် ၈ နာရီမှာ ဆုံကြ၏။*

လမိုက်ရက်ဖြစ်သဖြင့် မှောင်မည်းနေ၏။

"တို့ အစီအစဉ်ဘယ်လိုလုပ်မလဲ" ဟု ကိုလင် မေးသည်။ "ထိုင်ခုံက ဟိုသစ်အယ်သီးပင်ကြီးနားမှာရှိတာ။ သစ်ပင်နောက်မှာ တို့ ပုန်းမလား။ ထိုင်ခုံအောက် ဝင်ပုန်းမလား။ ဘယ်လိုလုပ်ကြမလဲ"

ဂျက်– "တို့ တစ်နေရာထဲမှာ နှစ်ယောက်အတူပုန်းလို့ မကောင်းဘူးကွ။ အဲဒီတော့ တစ်ယောက် သစ်ပင်နောက်မှာပုန်း။ တစ်ယောက်က သစ်ပင်ပေါ် တက်ပုန်းကွာ။ အဲဒီလို လုပ်ကြရအောင်"

ကိုလင်– "အေး.. အဲဒါကောင်းတယ်။ မင်းက သစ်ပင်ပေါ် တက်ကွာ။ ငါက သစ်ပင်နောက်မှာပုန်းမယ်"

"အေး ... ကောင်းတယ်။ သစ်ပင်ပေါ် ငါ တက်မယ်။ ဘယ်သူမှ မလာခင် တက်ထားမှကွ။ ထိုင်ခုံကျောမှီပေါ်ကနေတစ်ဆင့် တက်ရအောင်။ မင်းက ငါ့ကို ကိန်းပေးထားကွာ"

ဆယ်မိနစ်ခန့်ကြာပြီးနောက် လူနှစ်ယောက် လက်ချင်းတွဲပြီး ရောက်လာကြသည်။ ကိုလင်တစ်ကိုယ်လုံး တောင့်တင်းသွားပြီ။ အသက်ပင် ပြင်းပြင်းမရှူရဲ။

ခင် တာပေ

လူနှစ်ယောက်မှာ စကားပြောရင်း ဖြတ်သွားကြ၏။ ထို့နောက် အခြားလူတစ်ယောက်လည်း ခွေးတစ်ကောင်နှင့်အတူ လျှောက်လာသည်။

ထို့နောက် တစ်စုံတစ်ယောက်သောသူသည် လမ်းမတော်မီးတိုင်များကို ရှောင်၍ လေးတိလေးကန်ခြေလှမ်းများဖြင့် လျှောက်လာပြီး ထိုင်ခုံပေါ်တွင် ထိုင်လိုက်သည်။

ကိုလင် အသက်ရှူရပ်သွားသလို ဖြစ်သွား၏။

ဂျက်လည်း သစ်ပင်ပေါ်မှနေ၍ ချောင်းကြည့်နေသည်။ သို့သော် မှောင်လှသဖြင့် သဲသဲကွဲကွဲ မမြင်ရပါ။

နောက်ထပ် ပိုးတိုးဝါးတား လူရိပ်တစ်ခု လမ်းကိုဖြတ်ကူးလာပြီး ထိုင်ခုံပေါ်မှလူနှင့် ပူးပေါင်းလိုက်၏။

လူနှစ်ယောက် ခပ်ခွာခွာထိုင်လျက် ခဏကြာသည်အထိ တစ်ယောက်ကိုတစ်ယောက် စကားမပြောကြ။

မိနစ်အနည်းငယ်ကြာအောင် တိတ်ဆိတ်နေပြီးမှ ပထမလူက ပြောလိုက်သည်။

"မင်း အဲလ်ဘတ်လား"

သို့သော် အဲလ်ဘတ်ဆိုသူမှာ တစ်စုံတစ်ရာ ပြန်မဖြေနိုင်ပေ။ ထိုင်ခုံပေါ်မှ လူနှစ်ယောက် လန့်ဖျပ်သွားကြသည်။

ကိုလင် နှာချေလိုက်သောကြောင့် ဖြစ်၏။ သူနှာချေလျှင် အသံ သိပ်ကျယ်သည်။ ယခု နှာချေသံမှာမူ ခါတိုင်းထက် ပိုမိုကျယ်လောင်သေး၏။

အဲလ်ဘတ်သည် သစ်ပင်နောက်ဘက်သို့ ပြေးသွားပြီး ထိတ်လန့်နေသော ကိုလင်အား...

ခင် စာပေ

"မင်း ဒီမှာဘာလုပ်နေတာလဲ"

နောက်လူတစ်ယောက်က. . .

"ကောင်လေးပါကွာ၊ လွှတ်ပေးလိုက်ပါ။ ဆူဆူညံညံ ဖြစ်နေဦးမယ်"

ကိုလင် ထိပ်တစ်ချက်အထိုးခံရပြီးနောက် ဒယီးဒယိုင် ထွက်ပြေးလေသည်။

သစ်ပင်ပေါ်မှ ဂျက်မှာလည်း ထိတ်လန့်နေ၏။

လူနှစ်ယောက်မှာ သစ်ပင်အောက်တွင် မတ်တတ်ရပ်နေကြသည်။

အဲလ်ဘတ်– "မင်းမှာ ငွေကိုပြောဖို့ စကားပါတယ် မဟုတ်လား"

"အေး. . . ပါတယ်။ စာခြောက်ရုပ် အဲဒီမှာရှိတာ။ စာခြောက်ရုပ်နားမှာ ကြည့်"

"ကျေးဇူးပဲကွာ"

ဟု ပြောပြီး အဲလ်ဘတ် အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

အဲလ်ဘတ်နောက်သို့ ကိုလင် နောက်ယောင်ခံလိုက်သွားနိုင်ပါစေဟု ဂျက် ဆုတောင်းသည်။

သူကတော့ အဲလ်ဘတ်နောက်သို့ မလိုက်နိုင်ပါ။

လူနှစ်ယောက်လုံး သစ်ပင်အောက်က ပျောက်ကွယ်သွားမှ ဂျက်မှာ သစ်ပင်ထက်မှ ဘေးကင်းရန်ကင်း ဆင်းလာနိုင်တော့သည်။

"ကိုလင် အခြေအနေကောင်းရဲ့လား။ ကိုလင့်အိမ်ကို လိုက်သွားတာပဲ ကောင်းတယ်"

ခင် စာပေ

ကိုလင့်အိမ်သို့ ရောက်သောအခါ ကိုလင့်အခန်းတွင် အလင်းရောင် မြင်ရ၏။

ပြတင်းပေါက်ပွင့်လာပြီး ကိုလင် ခေါင်းပြူထွက်လာ၏။

"ကိုလင် ငါပါကွ၊ ဂျက်ပါ။ မင်း အခြေအနေကောင်းရဲ့လား"

"အေး.. ကောင်းတယ်။ အဲဒီလူကြီးက ငါ့ကို နားပန်ကျင်းတယ်ကွ။ ဒါပေမဲ့ အိမ်ကို ငါ ပြန်ရောက်လာတယ်။ ငါ အိမ်ထဲဝင်လာတာ ဘယ်သူမှ မသိဘူး။ မင်းကော ဘယ်လိုလဲ၊ သူတို့ပြောတဲ့ စကားတွေ ကြားရလား"

"ကြားတော့ ကြားတယ်ကွ။ ဒါပေမဲ့ ရေရေရာရာမဟုတ်ပါဘူးကွာ။ မင်းနှာချေလိုက်တဲ့ အသံကြီးကလည်း ကျယ်လိုက်တာ"

ထိုစဉ်တွင် ကိုလင်၏အခန်းထဲမှ စကားပြောသံကြားသဖြင့် ဂျက် ပြန်လာခဲ့သည်။

'စာခြောက်ရုပ်'အကြောင်းကို ဂျက် တွေးနေမိသည်။ အဲဒါ ဘာကိုဆိုလိုတာလဲ။ ငါတော့မသိဘူး။ ပိတာ သိကောင်းသိနိုင်တယ်။

( ၁၁ )

## စာချောက်ရုပ် ထမင်းဆိုင်



*နောက်တစ်နေ့နံနက် ကျောင်းသိမ်တွင် ပြုလုပ်သော အစည်းအဝေးမှာ စိတ်လှုပ်ရှားစရာကောင်းလှသည်။* ပီတာ၊ ဂျနက်နှင့် စကင်ပါတို့မှာ ဂျက်နှင့် ကိုလင်အလာကို စိတ်မရှည်နိုင်စွာ စောင့်ဆိုင်းနေရသည်။

ဂျက်က စာပို့တိုက်တွင် ယမန်နေ့ညက တွေ့ကြုံခဲ့ရပုံများကို ပြောပြရာ အဖွဲ့ဝင်များအားလုံး စိတ်ဝင်စားလျက်ရှိကြသည်။

ဂျက်– ''အဲဒီတော့ 'စာခြောက်ရုပ်' ဆိုတာ ဘာလဲ။ မင်းတို့ သိကြလား။ တကယ့်စာခြောက်ရုပ်ကို ပြောတာလား''

ပီတာ– ''မဟုတ်ဘူးကွ။ စာခြောက်ရုပ်ဆိုတဲ့ နာမည်နဲ့ ထမင်းဆိုင်လေးတစ်ဆိုင်ရှိတယ်။ ငါ့အဖေနဲ့အတူ ကားနဲ့ မကြာမကြာ ဖြတ်သွားဖူးတယ်။ တို့ အဲဒီကိုသွားပြီးတော့ စနည်းနာကြည့်ကြမယ်လေ။ ခိုးရာပါ၊ တိုက်ရာပါ ပစ္စည်းတစ်ခုခု ဝှက်ထားတာ သေချာတယ်''

''ဩော်... ငါ မှတ်မိပြီ၊ ငါလည်း တွေ့ဖူးတယ်'' ဟု ဂျနက်က ပြော၏။ ''ထမင်းဆိုင်နာမည်ကလည်း 'စာခြောက်ရုပ်' တဲ့ ဘယ်လို နာမည်ကြီးလည်း မသိဘူး။ ပီတာ၊ ခိုးရာပါပစ္စည်းကို အဲလ်ဘတ် ထုတ်ယူမသွားခင် တို့ အဲဒီကို သွားကြရအောင်''

ခင် စာပေ

ထို့နောက် စက်ဘီးပါမလာသူများအား လမ်းဆုံတွင် စောင့်နေမည်ဟု ပီတာပြောပြီး လူစုခွဲလိုက်ကြသည်။ လမ်းဆုံးသို့ နောက်ဆုံးရောက်လာသူ ဂျက်ဖြစ်၏။ သူ စိတ်တိုနေပုံရသည်။

ဂျနက်– "အိမ်မှာ ဘာဖြစ်လို့လဲ ဂျက်"

"စုစ်ပေ့ါဟာ သူ ဒီနေ့ ဂျက်ဖ်နဲ့အတူ ငါတို့ ဂူဆီကို သွားကြည့်တယ်တဲ့။ သူ့ရှိနေတုန်း မေမေမေးတော့ ဂူအကြောင်းကို ငါ ပြောလိုက်ရတယ်ဆိုတာ မှတ်မိတယ် မဟုတ်လား။ အဲဒါ ဂူထဲမှာ တို့ မရှိတော့တာလည်း သိရော ဂူကို သူတို့အတွက် အစည်းအဝေးလုပ်တဲ့နေရာအဖြစ် သုံးမလို့တဲ့ကွ"

ပီတာ– "သူတို့သုံးချင်ရင် သုံးပစေပေ့ါကွာ။ အဲဒါမှ သူတို့ဆီ အဲလ်ဘတ်လာပြီး ပစ္စည်းတွေ ယူသွားလိမ့်မယ်"

"ငါ့အထင်တော့ အဲလ်ဘတ်ဟာ စာခြောက်ရုပ်ထမင်းဆိုင်မှာ ရှိနေလိမ့်မယ်။ သူ ရှာနေတာကို တွေ့သွားရင် ဂူကိုတောင် သူ သွားတော့မယ် မထင်ဘူး"

ပန်– (ရှေ့ဆုံးမှ စက်ဘီးစီးသွားရင်) "ဟေး . . . ဟိုမှာ ကြည့်စမ်း။ စာခြောက်ရုပ်ထမင်းဆိုင်ရောက်ပြီ။ ရှေးဟောင်းထမင်းဆိုင်လေးပဲဟ. . . ။ အားလုံး လာကြဟေ့။ စိတ်လှုပ်ရှားဖို့ ကောင်းလိုက်တာဟယ်"

၆

# (၁၂)
# လက်ဦးမှုရအောင်



*ဈေးဟောင်းထမင်းဆိုင်လေးနားသို့ ကလေးခုံထောက်များ ချဉ်းကပ်လာကြသည်။*

ပီတာ– (ဇဝေဇဝါဖြင့်) "ထမင်းဆိုင်က ပိတ်ထားပြီထင်တယ်။ တံခါးနဲ့ ပြတင်းပေါက်တွေကို သစ်သားချောင်းတွေနဲ့ ပိတ်ရိုက်ထားတယ်"

ဂျက်– "ပိတ်ထားလို့ နေမှာပေါ့။ တို့ နောက်ဘက်ကို လှည့်ဝင်ကြည့်ရအောင်။ တို့ နောက်ဘက်မှာ ရေတောင်းသောက်ကြည့်မယ်ကွာ။ ပင်တန်ကို ဘယ်လိုသွားရသလဲလို့ မေးမယ်ကွာ"

သူတို့အားလုံး နောက်ဖေးပေါက်သို့ လှည့်ဝင်သွားကြရာ အဝတ်လှန်းနေသော မိန်းမတစ်ဦးအား တွေ့သည်။

ပီတာ– "ကျွန်တော်တို့ကို ရေတစ်ခွက်လောက် တိုက်နိုင်ပါ သလား ခင်ဗျာ"

"ဟိုမှာ ရေတွင်းရှိတယ်။ ကိုယ့်ဘာသာကိုယ် ခပ်သောက်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ဒါထက် ထမင်းဆိုင်က ပိတ်ထားလိုက်တာလား"

"ဟုတ်တယ်၊ လပေါင်းမနည်းတော့ဘူး။ အခု ငါ ထိန်းသိမ်း ပေးနေရတယ်။ တစ်လခွဲလောက်အတွင်း မင်းတို့နဲ့စကားပြောရတာ

ပထမဆုံးပဲ။ နွားနို့ပို့တဲ့လူနဲ့ ကုန်စုံဆိုင်က ကောင်လေးတို့က လွဲရင်ပေါ့လေ"

"ဒါဆိုရင် အဲလ်ဘတ်လို့ ခေါ်တဲ့ လူတစ်ယောက်ကိုများ ခင်ဗျားသိပါသလား"

"အောင်မာ၊ နင်က လူပါးဝလို့ ငါ့ယောက်ျားကို အဲလ်ဘတ်လို့ ခေါ်တယ်ဆိုတာ နင်တို့ကို ဘယ်သူပြောသလဲ။ လစ်ဝါသီလို့ခေါ်၊ ကြားလား။ ဟိုမှာ သူရှိတယ်။ နင်တို့ လူပါးဝရင် သူ့ကိုတိုင်လိုက်မယ်"

ခါးကိုင်းကိုင်းလူကြီးတစ်ယောက် ထမင်းဆိုင်ထဲမှ ထွက်လာသည်ကို မြင်၏။

သူ့ခန္ဓာကိုယ်မှာ လက်တွင်ကိုင်ထားသော တုတ်အပေါ် အားပြုထားရသည်။

"ကျွန်တော်တို့က ခင်ဗျားယောက်ျားကိုပြောတာ မဟုတ်ပါဘူး။ အဲလ်ဘတ်ဆိုတဲ့ လူတစ်ယောက်ကို သိချင်တာပါ"

ထို့နောက် ကလေးစုံထောက်များသည် စာခြောက်ရုပ် ထမင်းဆိုင်မှ ထွက်ခွာလာခဲ့ကြ၏။

"တို့ အခု ဘာဆက်လုပ်ကြမလဲ။ ပီတာ၊ တို့ရှာရမှာက တကယ့်စာခြောက်ရုပ်တစ်ရုပ်လို့ နင် မထင်ဘူးလား"

"ဖြစ်တော့ ဖြစ်နိုင်တယ်ဟ။ ဒါပေမဲ့ စာခြောက်ရုပ်တွေ အများကြီးထဲမှာ ဘယ်လိုလုပ်ပြီး ရှာမလဲ"

ကိုလင်- "ရှာလို့ရတဲ့နည်းရှိတယ်၊ အနားမှာ မြေကြီးပွနေတဲ့ စာခြောက်ရုပ်ကို ရှာရမှာပေါ့။ ငါထင်တယ်၊ စာခြောက်ရုပ်နားမှာ မြေကြီးတူးပြီး ခိုးရာပါပစ္စည်းကို ဝှက်ထားတာဖြစ်မယ်"

ဂျော့- "ကိုင်း… ဒါဖြင့် တို့ စာခြောက်ရုပ်ရှာပုံတော် ဖွင့်ရအောင်"

"အေး… သွားကြမယ်" ဟု ပီတာပြောပြီး စက်ဘီးပေါ် တက်လိုက်သည်။ "ဒါပေမဲ့ ယာသမားတွေကိုလည်း ကြည့်ဦးနော်။ စာခြောက်ရုပ်တွေရှာဖို့ သူတို့ယာခင်းတွေပေါ် ငါတို့လိုက်နင်းတာ သူတို့ သိပ်သဘောကျမှာ မဟုတ်ဘူး။ ကိုလင်နဲ့ ဂျက်၊ မင်းတို့က အနောက်လမ်းကသွား။ ပန်နဲ့ ဘာဘရာ နင်တို့က အရှေ့ဘက်ကသွား။ ဂျော့က မြောက်ဘက်၊ ဂျနက်နဲ့ ငါက တောင်ဘက်ကသွားမယ်။ အဲဒါဆိုရင် တို့ နေရာတစ်ခုလုံးကို ခြုံမိသွားပြီ။ နှစ်နာရီခွဲကျရင် နွေရာသီအိမ်မှာ တို့ ဆုံကြမယ်ဟေ့"

ထို့နောက် ပီတာနှင့် ဂျနက်သည် 'စာခြောက်ရုပ်' များကိုရှာရန် ထွက်လာကြ၏။

စာခြောက်ရုပ်အချို့ကို တွေ့ပါသော်လည်း သူတို့လိုချင်သည့် အနေအထားမျိုး မဟုတ်ပါ။

သူတို့လိုချင်သည်မှာ အနီးတွင် တူးဆွထားသော မြေကြီးရှိသည့် စာခြောက်ရုပ်မျိုးဖြစ်သည်။

ပီတာနှင့်ဂျနက် စိတ်ပျက်လက်ပျက်ဖြင့် အိမ်သို့ ပြန်လာကြသည်။

အိမ်သို့ရောက်သော် အကျိုးအကြောင်းကိုသိသော သူတို့၏ ဖခင်က အကြံပေး၏။

"မင်းတို့ အဘိုးကြီးကျိမ်းလုပ်ထားတဲ့ စာခြောက်ရုပ်ကို သွားကြည့်ပါလား။ စာခြောက်ရုပ်ရဲ့အိတ်တွေထဲမှာ ငှက်တွေ အသိုက်ဖွဲ့ထားတယ်လို့ ပြောတယ်"

---

ခင် စာပေ

"သူက ဘယ်လိုလုပ်ပြီး သိတာလဲ။ မျက်စိလည်း မကောင်း ဘဲနဲ့" ဟု ဂျနက်က ပြော၏။

"သူ မျက်စိမကောင်းတာက လုံးဝမမြင်ရတာ မဟုတ်ပါဘူး" ပီတာ နားစွင့်ထောင်လိုက်သည်။ တစ်စုံတစ်ယောက်သောသူသည် သူတို့၏ လယ်ကွင်းကိုဖြတ်ပြီး စာခြောက်ရုပ်ရှိရာသို့ သွားနေ၏။

"ဖေဖေ လူတစ်ယောက် လယ်ကွင်းထဲကိုဖြတ်ပြီး စာခြောက် ရုပ်ဆီ သွားနေတယ်။ သူ ဘယ်သူလဲ ဖေဖေ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတာတော့ ဖေဖေ မသိဘူး။ မြို့ပေါ်က လူ တချို့ဟာ ဒီလိုသွားလို့ရတယ်လို့ ထင်တတ်ကြတာပဲလေ။ အဲဒီလို လူစား မျိုးတွေထဲက တစ်ယောက်ဖြစ်မှာပေါ့"

သို့သော် ပီတာအနေနှင့်မူ ထိုသူသည် အဲလ်ဘတ်ပင် ဖြစ် မည်ဟု ထင်သည်။

ပီတာနှင့်ဂျနက် ထမင်းစားပြီးသောအခါ ဥယျာဉ်ထဲသို့ ဆင်းလာ ကြသည်။

"ငါတို့ကြည့်ရမှာက ငါတို့ရဲ့ စာခြောက်ရုပ်ကိုပဲကွ။ လာ.. အဲဒီကို တို့သွားပြီး အနီးတစ်ဝိုက်က မြေကြီးတွေကို စစ်ဆေးကြည့် ကြမယ်။ ခရင်းခွတစ်ချောင်း ယူသွားရအောင် မြန်မြန်လုပ်။ တော်နေ ကြာ အဲလ်ဘတ် လက်ဦးသွားလိမ့်မယ်"

၁

( ၁၃ )

## ထွက်ပြေးသွားသော လူတစ်ယောက်



*ပီတာတို့၏ စာခြောက်ရုပ်မှာ ဘဝေါက်ပင် သေသေ သပ်သပ် ရှိလှသည်။*

အဘိုးကြီးဂျိမ်း၏ ဦးထုပ်ဟောင်းကြီးကို ဆောင်းထား၏။

"တို့ နောက်ကျသွားပြီ။ ဂျနက်ရေ ဒီမှာကြည့်စမ်း။ တစ်ယောက်ယောက် လာသွားပြီးပြီ။ ဒီနားမှာ ခြေရာတွေ ပွနေတာပဲ။ ဂျိမ်းရဲ့ခြေရာတွေ မဟုတ်ဘူးကွ"

"အေး... ဟုတ်တယ်။ မြေကြီးကိုလည်း တူးထားတယ်။ စာခြောက်ရုပ်ဘေးမှာ တစ်စုံတစ်ရာကို ဝှက်ထားခဲ့ဟန်တူတယ်။ အိုး ပီတာ၊ တို့ ဘာဖြစ်လို့ ဒီနေရာကို အရင်မလာမိတာလဲ"

"ဒီနားမှာ နည်းနည်းပါးပါး တူးကြည့်ပါလား။ တစ်ခုခုများ ကျန်နေဦးမလားလို့"

"ကျန်မှာမဟုတ်တော့ပါဘူးဟာ။ အခုတော့ ငါတို့ သိပ်နောက်ကျသွားခဲ့ပြီ။ အဲလ်ဘတ်ဟာ နိုးရာပါပစ္စည်းနဲ့အတူ ထွက်သွားပြီကွာ"

"ငါလည်း ဒီလိုပဲထင်တယ်"

ထို့နောက် ဂျနက်နှင့် ပီတာသည် ငှက်သိုက်ထဲမှ ငှက်ပေါက်ကလေးများအား ကြည့်ရှုပြီးနောက် အိမ်သို့ပြန်လာကြ၏။ အချိန်မှာ ၂း၃၀ ခန့် ရှိပေပြီ။ အခြားအဖွဲ့ဝင်များပင် နွေရာသီအိမ်၌ စောင့်ဆိုင်းနေကြပေပြီ။

---

ခင် စာပေ

ပိတာပြောပြသော သတင်းစကားများကို နားထောင်ပြီး သူတို့ အားလုံး မပျော်နိုင်ကြပါ။

ပန်– "တို့ ဘာလုပ်ကြမလဲ။ ဂူကိုလည်း သွားဖို့မလိုတော့ဘူး ဆိုတော့ စွန့်စားခန်းက ပျောက်သွားပြီ"

ဂျက် မတ်တတ်ထရပ်လိုက်သည်။

"ဂူထဲကို ငါသွားစရာရှိတယ်။ ငါ့လက်နှိပ်ဓာတ်မီး မေ့ကျန်ခဲ့လို့။ အဲလ်ဘတ်လည်း တွေ့လိမ့်မယ် မထင်ဘူး။ လက်နှိပ်ဓာတ်မီးက အကောင်းစားကွ"

"လာလေ၊ ဒါဆိုရင်လည်း တို့ လမ်းလျှောက်ပြီး သွားကြည့်ကြတာပေါ့"

သူတို့သည် ပေါက်တူး ၄ လက်နှင့် ဂေါ်ပြား ၃ လက်ကို ယူဆောင်ကာ ဂူဆီသို့ သွားကြသည်။

ဂျက် ခြေလှမ်းတုံ့သွားသည်။

ဂူမှာ လူတစ်ယောက် ရောက်နေပါလား။

ဂျက်သည် အသံများကို ကြားရ၏။

သူ မျက်မှောင်ကြုတ်လိုက်သည်။ အသံတစ်သံကို သူ မှတ်မိ၏။ စူစီ့အသံပင်။ သူနှင့်ပါတာ ဘယ်သူပါလိမ့်။ ဂျက်ဖ်ထင်ပါရဲ့။

ဂျက်သည် မျက်မှောင်ကြုတ်လျက် ဂူထဲသို့ ဝင်သွားသည်။ စူစီနှင့်ဂျက်ဖ်အား တစ်စုံတစ်ရာ ရေးခြစ်နေကြသည်ကို တွေ့၏။

သူတို့ ဘာလုပ်နေကြတာပါလိမ့်။

"စူစီ၊ နင်တို့ ဒီမှာ ဘာလာလုပ်နေကြတာလဲ"

စူစီ လှည့်ကြည့်ပြီး ဂျက်ထံသို့ ပြေးလာ၏။

---

ခင် စာပေ

"ဂျက်၊ နင်တို့လာတာ ကောင်းတယ်။ ဒီမှာ တစ်ခုခုထူးဆန်းတာ ဖြစ်နေလို့"

"ဘာလဲ" ဟု ဂျက်က စိတ်မရှည်နိုင်စွာ မေးလိုက်သည်။ "ငါ့ အနေနဲ့တော့ နင်တို့ ဂူထဲကို ရောက်လာတာပဲ ထူးဆန်းနေတယ်"

"စိတ်မတိုပါနဲ့ဟဲ့။ နင်တို့ရောက်လာတာကို ငါ တကယ်ဝမ်းသာတာပါ။ ငါ ပြောပြမယ်၊ ဂျက်ဖ်နဲ့ငါ ဒီနေရာကို ရောက်လာကြတယ်။ ဒီနေရာက ပျော်စရာလေး မဟုတ်လား။ ငါတို့ တွင်းတွေတူးတယ်။ တကယ်လို့ နင်တို့ရောက်လာရင် တွင်းထဲဝင်ပြီး ပုန်းမယ်ဆိုတဲ့ အကြံနဲ့ပေါ့"

"နင်ပြောချင်တာ ဒါပဲလား။ စိတ်ဝင်စားစရာတော့ မကောင်းသေးဘူးဟ"

"မဟုတ်ဘူး နားထောင် ဂျက်၊ ဒါနဲ့ ငါတို့လည်း တွင်းထဲဝင်ပြီး နင်တို့အလာကို စောင့်နေတုန်း ဂူရဲ့နောက်ကနေ လူတစ်ယောက်ပေါ်လာပြီး ရှေ့ပေါက်ကနေ ထွက်ပြေးသွားတယ်"

ဂျက်ဖ်– "ဒီမှာ ပုန်းနေစရာလည်း မရှိဘူးကွ။ သူ ဘယ်လိုလုပ်ပြီး ဒီထဲရောက်နိုင်တာလဲ"

ဂျက်သည် စိတ်ဝင်တစား နားထောင်နေ၏။ ဒါဟာ သတင်းပဲ။ ဂူပေါက်ဝဆီသို့ လှမ်းအော်လိုက်သည်။

"ပီတာရေ၊ ဂျနက်ရေ မင်းတို့အားလုံး ဒီကိုလာကြ။ မြန်မြန်လာကြ"

၁

( ၁၄ )

နီးရာပါ ချောပိုးအိတ်



***ပီတာ၊ ဂျက်နှင့် ကျန်အဖွဲ့ဝင်များသည် ပေါက်တူးများ နှင့် ဂေါ်ပြားများကိုပစ်ချပြီး ဂူဆီသို့ ဒုန်းစိုင်းပြေးသွားကြ၏။***

"ဘာဖြစ်လို့လဲ" ဟု ပီတာအော်သည်။

စူစီနှင့်ဂျက်ဖ်အား တွေ့လိုက်သောအခါ ပီတာ ခြေလှမ်းတုံ့ သွားပြီး...

"ထွက်သွား... မင်းတို့ထွက်သွား။ ဒါ ငါတို့ဂူကွ။ မင်းတို့နဲ့ မဆိုင်ဘူး" ဟု အော်ဟစ်လိုက်၏။

ထို့နောက် ဂျက်က ပီတာ့အား စူစီပြောပြသည့်အတိုင်း ဂူထဲသို့ တစ်စုံတစ်ဦး နောက်ဘက်မှဝင်လာပြီး ရှေ့ဘက်ပေါက်သို့ ထွက်သွား ကြောင်းကို ပြန်လည်ပြောပြလိုက်၏။

"ဂူနောက်ကနေ ဝင်လာလို့ရတဲ့နေရာဟာ ခေါင်မိုးနားမှာ ရှိလိမ့်မယ်။ မင်းတို့ လက်နှိပ်ဓာတ်မီးပါလား" ဟု ပီတာ မေးလိုက်သည်။

ဂျက်– "ဒီမှာ ငါကျန်ခဲ့တဲ့ လက်နှိပ်ဓာတ်မီးကွ"

ပီတာ လှမ်းယူလိုက်သည်။

"လာ... သွားကြမယ်။ ငါက ဒီလိုမျိုးမှ ပျော်တာကွ။ နေဦး ကိုလင်၊ မင်းက အပေါက်ဝမှာ စောင့်ကျန်ရစ်ခဲ့။ ဟိုလူပြန်လာချင် ပြန်လာလိမ့်မယ်"

---

ခင် စာပေ

ဂူနောက်ဘက်တွင် လူများ စုဝေးနေကြသည်။

ခေါင်မိုးပေါ်သို့ ပီတာ ဓာတ်မီးထိုးကြည့်၏။ ခေါင်မိုးမှာ အတော်အတန်မြင့်ပေသည်။

"ဓါ့ကို တစ်ခုလောက်ကူညီကွာ" ဟု ဂျက်အား ပြောလိုက်၏။ "ဂျနက်၊ ဓာတ်မီးကို ခဏကိုင်ထား"

ပီတာသည် ကျောက်စွန်းတစ်ခုကိုတွယ်ပြီး အပေါ်သို့ ဆွဲတက်လိုက်သည်။ အပေါ်သို့ရောက်သော် ဓာတ်မီးကို ထိုးလိုက်၏။

ရုတ်တရက် သူ့ထံမှ အာမေဋိတ်သံ ထွက်လာသည်။

"ဘာတွေ့လို့လဲ" ဟု အားလုံး ဝိုင်းအော်ကြ၏

"ဒီမှာ အပေါက်ကြီးတစ်ပေါက်ကွ။ မင်းတို့ရပ်နေတဲ့ နေရာလောက်ကနေ မမြင်နိုင်ဘူး။ တွဲလောင်းကျနေတဲ့ ကြိုးစတစ်စလည်း ရှိတယ်။ အဲဒါကို ငါ လှမ်းမိတယ်ကွ"

ပီတာပြသည့် အပေါက်ကြီးကို မြင်နိုင်ရန် ကြည့်ကြသော်လည်း မမြင်ရပါ။

ပီတာသည် လက်နှိပ်ဓာတ်မီးကို အင်္ကျီအိတ်အတွင်းသို့ ထည့်လိုက်၏။

"ကြိုးကို ငါ လက်လှမ်းလို့ မိတယ်ကွ။ ကြိုးကိုဆွဲပြီး ငါ တက်သွားမယ်"

ကြိုးစကို လက်နှစ်ဖက်ဖြင့် ပီတာ ဖမ်းဆုပ်လိုက်ပြီး အပေါက်ထဲသို့ ဝင်သွား၏။ လက်များက ကြိုးကိုကိုင်ထားပြီး ခြေထောက်များက ကျောက်သားအဆင့်များကို ကန်ထား၏။ ထို့နောက် ပီတာသည် ကျောက်သားအဆင့် ခပ်ကျယ်ကျယ်တစ်ခုပေါ်တွင် ရပ်နားလိုက်သည်။

ထိုနေရာမှနေ၍ အထက်သို့ ကြည့်လိုက်ရာ နောက်ထပ်ဂူတစ်ခု လှမ်းမြင်ရသည်။ ပတ်ဝန်းကျင်သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။

"ဟေး.. ဟေး.. ဒီမှာနောက်ဂူတစ်ခုကွ၊ ခပ်သေးသေးလေး။ တို့ရဲ့ မုန့်တွေလည်း ဒီမှာတွေ့တယ်။ တို့ကူရှင်တွေ အားလုံးရောပဲ၊ စာအုပ်တွေ၊ မဂ္ဂဇင်းတွေလည်း ပါတယ်။ ပြီးတော့ စာပို့အိတ်တစ်အိတ်လည်း တွေ့တယ်ကွ။ အထဲမှာ ဘာတွေလဲတော့ မသိဘူး။ အိတ်နဲ့တော့ အပြည့်ပဲ"

"ဘာလဲ မင်းဘာပြောတာလဲ"

အောက်မှ အဖွဲ့ဝင်များက လှမ်းအော်ကြသည်။

ပီတာ၏အသံမှာ လိုဏ်သံပေါက်နေသဖြင့် အောက်မှ အဖွဲ့ဝင်များက သဲသဲကွဲကွဲ မကြားရပါ။

"ပီတာ၊ နင် ဘာတွေ့ထားလို့လဲ" ဟု ဂျနက် အော်မေးလိုက်သည်။

ပီတာသည် မြေပြင်သို့ သက်ဆင်းလာခဲ့ပြီး ဂူအော်တွင်းသို့ ထွက်ကာ အသက်ကို ဝအောင်ရှူနေလိုက်သည်။

ဂျက်– "ပြောပါဦး၊ မင်း ဘာတွေ့လို့လဲ။ မင်းအော်သံကို တို့ကြားတယ်"

"အပေါ်မှာ ဂူတစ်ဂူကွ။ အဲဒီထဲမှာ ငါတို့ပစ္စည်းတွေ အားလုံးရှိနေတယ်။ ပြီးတော့ အိတ်တစ်လုံးလည်း ရှိတယ်။ စာပို့အိတ်လိုမျိုးပဲ။ မှတ်ပုံတင်ချောစာတွေ အပြည့်ရှိနေနိုင်တယ်။ ငါတို့ရဲ့ စာခြောက်ရုပ်အောက်မှာ ဘယ်လောက်ကြာကြာ မြှုပ်ထားခဲ့သလဲတော့ မသိဘူး။ အဲဒီတော့ ငါပြောမယ်၊ ဒီလူဟာ အချိန်မရွေး ရောက်လာနိုင်တယ်။

ခင် စာပေ

ဂူထဲမှာ လူတွေ ရှိနေရင်တော့ ဒီလူ မလာခဲ့ဘူး။ ဖေဖေ့ကို ငါပြောမယ်ကွာ။ ပုလိပ်ဌာနကို ဖေဖေ ဖုန်းဆက်ပေးလိမ့်မယ်။ မင်းတို့အားလုံး ဒီမှာ စောင့်နေကြဦး။ လောလောဆယ် အဲလ်ဘတ်အနေနဲ့ ခိုးရာပါစာပို့ အိတ်ကို ယူမသွားနိုင်လောက်သေးဘူး။ စကင်ပါကို မင်းတို့နဲ့ ထားခဲ့မယ်"

၈

( ၁၅ )

# စွန့်စားခန်းပြီးဆုံးခြင်း



*ပီတာပြောသည့် စာတ်ကြောင်းကို အခပိုင်းတွင် ပီတာ မေမေ နားမလည်ပါ။* ထို့နောက် သဘောပေါက်ပြီးမှ ပီတာ၏မေမေ ကို လှမ်းခေါ်လိုက်သည်။

"ပုလိပ်ဌာနကို ဖုန်းဆက်ပြီး သူတို့ကို အခုချက်ချင်းလာဖို့ ပြောပေးပါ။ ပြီးတော့ ကျောက်ကျင်းထဲက ဂူကိုသွားဖို့ ပြော။ ငါ ပီတာနဲ့ လိုက်သွားမယ်။ ပြန်လာမှ မင်းကို အကျိုးအကြောင်းပြောပြတော့မယ်"

စိတ်လှုပ်ရှားလျက်ရှိသော ပီတာနှင့်အတူ ဖေဖေ လိုက်သွား သည်။

"ငါ ဒီဂူကို မေ့တောင်နေတယ်ကွ။ ငယ်ငယ်တုန်းကတော့ ဒီဂူကို ဖေဖေ သိပ်သဘောကျတာပေါ့။ ဒီဂူရဲ့အပေါ်မှာ နောက်ထပ်ဂူ တစ်ခု ရှိသေးတယ်ဆိုတာ တကယ်လား။ အဲဒါတော့ ငါ မသိဘူး"

ဂျွန်က်– "သမီးတို့တွေ့တယ်။ အပေါ်ကဂူကိုသွားတဲ့ အပေါက် ကို လိုက်ကြည့်ပါဦး ဖေဖေရဲ့"

"သားတို့က ဒီဂူထဲမှာ အစည်းအဝေးလုပ်ကြတာ။ သားတို့ ပစ္စည်းတွေ ခဏခဏပျောက်တယ်။ လက်သည်မပေါ်ဘူး။ အပေါ်မှာ

ဂူတစ်ခု ရှိတယ်ဆိုတာလည်း မစဉ်းစားမိဘူး။ အပေါ်ကဂူထဲမှာ စာပို့အိတ်တစ်အိတ် တွေ့တယ် ဖေဖေ"

"အဲဒီစာပို့အိတ်ကို ဂူထဲမှာ ဘယ်လောက်ကြာအောင်တောင် ဝှက်ထားခဲ့တာလဲ မသိဘူး"

"မကြာသေးဘူး ဖေဖေ။ လွန်ခဲ့တဲ့ညကမှ ဖွက်ထားတာ။ သားတို့ လယ်ကွင်းထဲက စာခြောက်ရုပ်ဘောနားမှာ အဲဒီအိတ်ကို မြှုပ်ထားခဲ့တာ ဖေဖေရဲ့"

"ဩော်... ဒါကြောင့် မင်းတို့က စာခြောက်ရုပ်ကို စိတ်ဝင်စားနေကြတာကိုး။ သားရေ ပုလိပ်တွေလာပြီလားလို့ ပြေးကြည့်လိုက်စမ်းကွာ"

ပီတာသည် စကင်ပါနှင့်အတူ ကျောက်မိုင်းကို ဖြတ်ပြေးသွား၏။

သို့သော် လမ်းခုလတ်တွင် စကင်ပါသည် ပီတာအားထားခဲ့ကာ တောင်ပူစာလေးတစ်ခုဆီသို့ ပြေးသွားပြီး အသည်းအသန် ဟောင်နေတော့သည်။

စကင်ပါနောက်မှ ပီတာလိုက်သွားသည်။ တောင်ပူစာပေါ်သို့ စကင်ပါ ဖြတ်သွားသည့်အခါ တောင်ပူစာထဲမှ လက်များ၊ ခြေထောက်များနှင့် ဦးခေါင်းပေါ်လာ၏။

"ဟဲ့ခွေး... ဟဲ့ခွေး"

"ခင်ဗျား ဘယ်သူလဲ" စကင်ပါ၏ လည်ပတ်ကို လှမ်းဆွဲပြီး ပီတာ မေးလိုက်သည်။

"ဟာ... ကျွန်တော်သိပြီ၊ ခင်ဗျား အဲလ်ဘတ်မဟုတ်လား။ ခင်ဗျား ကျွန်တော်တို့အပြန်ကို စောင့်နေတာ မဟုတ်လား။ ခိုးရာပါ

စာပို့ အိတ်ကို ယူဖို့လေ"

"ကိုင်း . . . ဘာတွေဖြစ်နေကြတာလဲ။ သဲထဲမှာလှဲနေတဲ့ ဒီလူက ဘယ်သူလဲ။ အား. . . သေချာတာပေါ့။ ဒီလူဟာ အဲလ်ဘာတ် တန်နာပဲ။ မင်းကို တို့လိုချင်နေတာကြာပြီ အဲလ်ဘာတ်ရေ"

အသံရှင်မှာ ပုလိပ်အင်စပက်တာကြီးဖြစ်သည်။ သူ့နောက်မှ ပုလိပ်တစ်ယောက်ပါလာ၏။

အင်စပက်တာက ပီတာ့ဘက်သို့ ပြုံးရွှင်စွာလှည့်လိုက်ပြီး . .

"ဟဲလို ပီတာ၊ မင်းမေမေ ငါတို့ဆီ ဖုန်းဆက်လိုက်လို့ကွ" ဟု ပြောပြီးနောက်မှ ပုလိပ်ဘက်သို့လှည့်ကာ "အဲလ်ဘာတ်ကို ခေါ်လာခဲ့ဟေ့"

"ဟာ. . . အဲလ်ဘာတ်တန်နာပါလား။ မင်းမျက်နှာကို ဒီအရပ်မှာ မမြင်ချင်တော့ဘူးလို့ ငါပြောလိုက်တယ် မဟုတ်လား"

"ခင်ဗျား သူ့ကိုသိသလား" ဟု အင်စပက်တာက မေးလိုက်၏။

"သိပါတယ်။ သူ ကျွန်တော့်ဆီမှာ အလုပ်လုပ်သွားဖူးတယ်။ သူ့အကျင့်စာရိတ္တကို မကြိုက်လို့ ကျွန်တော် အလုပ်ထုတ်ပစ်ခဲ့တာ"

ပီတာ– "ဒါကြောင့် ဒီဂူကို သူသိနေတာကိုး"

အဲလ်ဘာတ်သည် စကားတစ်လုံးမှမပြောပါ။ စိတ်ဆိုးမာန်ဆိုး ဖြင့်သာ ရပ်နေ၏။

အင်စပက်တာ– "ဒီလူနဲ့ တခြားတစ်ယောက်က ချောအိတ် ဓားပြမှုတစ်ခုကို ကျူးလွန်ထားတယ်ဗျ။ တခြားလူက အိတ်ကို တစ်နေရာမှာ ဝှက်ထားခဲ့တယ်။ အေအေးဆေးဆေးကျမှ ယူမယ်ပေါ့ဗျာ။ တစ်ခါ

တုန်းက သူလည်း ဒီယာခင်းမှာ အလုပ်လုပ်ဖူးတယ်။ သူ့နာမည်က တက်ယော့ခ်တဲ့"

"တက်ယော့ခ်၊ ဟုတ်တယ် သူ ဒီမှာလုပ်သွားဖူးတယ်" ဟု ပီတာ့ဖေဖေ ပြောသည်။ "သူလည်း မကောင်းဘူး။ ဒါပေမဲ့ အလုပ်တော့ တော်တယ်ဗျ။ ဒါကြောင့် ကျွန်တော့်ဆီမှာ ကြာသွားတာ"

အင်စပက်တာ– "ဟုတ်ကဲ့၊ ကျွန်တော်ပြောခဲ့သလိုပဲ သူတို့ နှစ်ယောက်ဟာ ချော့အိတ်ဓားပြမှုကို အတူကျူးလွန်ခဲ့ကြပြီး ဝှက်ထားတယ်။ နောင်တစ်ချိန်ကျရင် တူးဖော်ပြီး ဝေစုခွဲယူကြဖို့ပဲ။ ဒါပေမဲ့ တက်က အဖမ်းခံရပြီး ထောင်ထဲရောက်သွားတယ်။ အခုထက်ထိ ထောင်ထဲမှာ"

ပီတာ– "ဒါပေမဲ့ သူက အဲလ်ဘတ်ဆီကို ထောင်ထဲကနေ စာတစ်စောင် ထုတ်ပေးခဲ့တယ်ဗျ။ ဖွက်ထားတဲ့အိတ်ကို ဘယ်လိုတွေ့နိုင်တယ်ဆိုတာ ပြောပြထားတဲ့စာပဲ"

ဂျက်– "အဲလ်ဘတ်ဟာ တက်ရဲ့စာကိုရတော့ ဂျင်ဆိုတဲ့ သူနဲ့ သွားတွေ့တယ်။ အဲဒီမှာ စာခြောက်ရုပ်အနားမှာ ရှာကြည့်လို့ သိလာခဲ့တယ်"

အင်စပက်တာ– "ဒီချာတိတ်တွေက မင်းအကြောင်းကို အကုန် သိထားကြပြီ။ မင်း ဒီချော့အိတ်ကို မြှုပ်ထားရာကနေဖော်ပြီး ဘယ်မှာ ထားလိုက်သလဲ"

"ကျွန်တော် ဘာမှမပြောချင်ဘူး။ ဘယ်ချော့အိတ်အကြောင်းမှ လည်း ကျွန်တော် မသိဘူး။ ကျွန်တော့်မေးနေလို့လည်း အပိုပဲ"

ပီတာ– "ကျွန်တော် ချော့အိတ်ကိုယူပေးရမလား"

အင်စပက်တာ အံ့ဩသွားသည်။

"ချောအိတ်ကိုလား။ သွားယူကွာ" ဟု အင်စပက်တာ ပြော လိုက်၏။

အထက်တက်ဂူထဲမှ ချောအိတ်ကို ပီတာ သွားယူပြီး အောက်သို့ ပစ်ချလိုက်ရာ ချောအိတ်ကွဲသွားသဖြင့် မှတ်ပုံတင် ချောစာများနှင့် အထုပ်များ ပြန့်ကျဲထွက်လာ၏။

အင်စပက်တာ အံ့ဩသွားပြီး...

"ပီတာရေ နောက်ထပ်ချောအိတ်တွေ ရှိသေးသလားဟေ့"

ပီတာ အပေါ်မှ ပြန်ဆင်းလာသည်။ သူ ရယ်နေ၏။

"မရှိတော့ဘူး။ ဒီချောအိတ်တစ်အိတ်ပဲ။ အခိုးခံရတာ အဲဒီ အိတ်လား"

"အေး... ဟုတ်တယ်၊ အဲဒီအိတ်ပဲ။ ကိုင်း... မင်းက အဲလ်ဘတ်ကို ခေါ်သွားလေ" ဟု ပုလိပ်အား ဆက်လက်အမိန့်ပေး လိုက်၏။

အဲလ်ဘတ်သည် စိတ်မာန်ဆိုးသောမျက်နှာဖြင့် ပုလိပ်သား ခေါ် ဆောင်ရာနောက်သို့ လိုက်ပါသွားသည်။

ထို့နောက် ပီတာ့ဖေဖေသည် အင်စပက်တာနှင့်အတူ ထွက်ခွာ သွား၏။ မထွက်ခွာမီ ပီတာ့ဖေဖေက ကလေးစုံထောက်အားလုံးအတွက် မုန့်ဖိုးပေးခဲ့သည်။ သူတို့အား အင်စပက်တာကြီးက လက်ပြနှုတ်ဆက် သွား၏။

"ဟောဒီမှာကြည့်ဟေ့၊ တို့အတွက် ဖေဖေက မုန့်ဖိုးပေးသွား တာ။ လာကြကွာ"

---

ခင် စာပေ

စုစီနဲ့ ဂျက်ဖ်တို့ပါ ဂူအပြင်သို့ ထွက်သွားကြသည်။ ဂျက်ဖ်က စုစီအား...

"နင် ငါတို့နဲ့ လာမရောနဲ့ စုစီ။ တို့က ကလေးစုံထောက် ၇ ယောက်အဖွဲ့ဝင်တွေ။ တို့အဖွဲ့ထဲမှာ နင်မပါဘူး။ သွား... အိမ်ပြန်"

"အို... " စုစီ၏ ငုံ့လျှိုးနေသောမျက်နှာကိုကြည့်ပြီး ဂျနက် ပြောလိုက်သည်။ "စုစီပြောလို့ တို့ ရှာကြည့်ရင်းနဲ့ အပေါ်မှာ ဂူတစ်ဂူ ရှိမှန်း သိရတာပါဟယ်။ သူ့ကို လာခိုင်းလိုက်ပါ"

ဂျက်– "မလာခိုင်းဘူး။ ကလေးစုံထောက် ၇ ယောက်အဖွဲ့ဝင်တွေ။ စုစီက ငါတို့ကို တစ်ချိန်လုံး လှောင်ပြောင်နေခဲ့တာ။ ဂျက်ဖ်လည်း မထူးဘူး။ သွား... ပြန်ကြတော့"

စုစီ– "ငါမပြန်ဘူး။ ဒီတစ်ကြိမ်တော့ နေပါရစေ ဂျက်ရယ်။ နင်တို့ရဲ့ စိတ်လှုပ်ရှားစရာ စွန့်စားခန်းအကြောင်းကို စုံစုံစေ့စေ့ ကြားချင်လို့ပါ"

"စုစီ၊ နင် နေခဲ့လို့ရတယ်။ ဂျက်ဖ်လည်း နေခဲ့လို့ရတယ်။ ဒီ တစ်ကြိမ်ပဲနော်။ နင်တို့ကို ငါတို့ရဲ့ စွန့်စားခန်းအကြောင်း ကြားစေချင်လို့။ ဒီအကြောင်းကိုပြောနေတုန်း တစ်ယောက်ကို အနည်းဆုံး ရေခဲမုန့် ၄ ခုစီ ငါကျွေးမှာပါ။ ဒါဟာ တကယ့်စွန့်စားခန်းကြီးနော်။ တကယ့် စွန့်စားခန်းကြီး ဆိုတာတော့ နင် လက်ခံရလိမ့်မယ် စုစီ"

ဟု ပီတာ ပြောလိုက်လေသည်။

ဝ